
# နဂါးနီ

မြဒေါင်းညို

သင်းထိုက်နှင့် သင်းနိုက်



ဒုတိယအကြိမ်

mgyoe.com
mgyoe.com

mgyoe.com

# ရဂါးဇ

အိုင်ယာလန်ကွန်မြူနစ်ပါတီဝင်တွေရဲ့အဖြစ်ကို ဇာတ်လမ်းဆင်ရေးဖွဲ့ထားတဲ့ဝတ္ထု ဖြစ်ပါတယ်။
အမ်အရပ်ယာအလုပ်သမားများ သပိတ်မှောက်မှုနဲ့ စပ်လျဉ်းပြီး ယာရှင်အသင်းအတွင်းရေးမှူးကို
သေနတ်နဲ့ ပစ်သတ်ခဲ့လို့ ဝရမ်းပြေးဖြစ်နေတဲ့ ဖရန်စစ်ဂျိုဆက်မက်ဖီလစ်ဟာ ရဲဝန်ထမ်းဟောင်း
ကွန်မြူနစ်အဖွဲ့ဝင် ရဲဘော်ဂျိပိုနိုလင်နဲ့ တိတ်တဆိတ် တွေ့ဆုံတယ်။ ဂျိပိုနဲ့ တွေ့ဆုံပြီး သူ့မိသားစု
အိမ် ထွက်သွားချိန် ဂျိပိုက စားစရာမရှိ၊ အိပ်စရာမရှိအောင် ငွေပြတ်လပ်နေလို့ မက်ဖီလစ်ကို
ပေါင် ၂၀ ဆုငွေထုတ်ထားတာ သတိရပြီး ရဲကို သတင်းပေး ပေါင် ၂၀ ထုတ်ယူလိုက်တယ်။
မက်ဖီလစ်က အမိမခံဘဲ သူ့ကိုယ်သူ သတ်သေသွားတယ်။ ဂျိပိုက ဟန်ဆောင်နေပြီး
အရက်သောက် ပျော်ပါးသုံးဖြုန်းပစ်တယ်။ ဗိုလ်ကြီးဂလဂါးက
မက်ဖီလစ်သေရတာဟာ သတင်းပေးတဲ့သူရှိလို့ဆိုပြီး ပြောပြတယ်။ သတင်းပေးတဲ့သူကို
လက်စားချေရမယ်လို့လည်းပြောတော့ ဂျိပိုက ရက်ဂင်ဖြစ်မယ် ထင်တယ်လို့ ပြောလိုက်တယ်။
ရက်ဂင်ရဲ့နှမနဲ့ မက်ဖီလစ်တို့ ချစ်ကြိုက်ခဲ့ကြသေးတယ်။ မက်ဖီလစ်က အချစ်နယ်ကျွံပြီးမှ
တာဝန်မယူသလိုဖြစ်နေတော့ အငြိုးထားဟန်တူတယ်လို့ ပြောလိုက်တယ်။ ဂျိပိုက သူပြောတာကို
ဗိုလ်ကြီး ယုံကြည်သွားပြီလို့ ထင်ခဲ့တယ်။
ညနက်ပိုင်း ရောက်တော့ သူ့ကို ဗိုလ်ကြီးဂလဂါးက ခေါ်တယ်။ ရက်ဂင်ကိုလည်း ခေါ်ထားတာ
တွေ့ရတယ်။ အမှုစစ်တော့ ရက်ဂင်ကို ပြန်လွှတ်ပြီး သူ့ကို ဖမ်းချုပ်ထားလိုက်တယ်။
အချုပ်ခန်းခေါင်မိုးကို ဖောက်ပြီး ထွက်ပြေးပြန်တယ်။ ဘုရားကျောင်းမှာ မက်ဖီလစ်ရဲ့မိခင်နဲ့
တွေ့ပြီး သူသတင်းပေးမိတာ ခွင့်လွှတ်ဖို့ပြောဆိုတယ်။ မက်ဖီလစ်ရဲ့ မိခင်ကြီးက ခွင့်လွှတ်လို့
ဂျိပို ပျော်ရွှင်သွားချိန်မှာ ဗိုလ်ကြီးဂလဂါးရောက်လာပြီး ဂျိပိုကို ပစ်သတ်လိုက်တော့တယ်။

ISBN9789997111197
NGN25
9 789997 111197
1,500.00KS

mgyoe.com

mgyoe.com

သင်းထိုက်နှင့်သင်းကာ၊ မြင့်ဒေါင်းညို
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၆၆ မျက်နှာ၊ ၁၆ စင်တီ x ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သင်းထိုက်နှင့်သင်းကံ

## မြဒေါင်းညို

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရှာဖွေ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# သင်းထိုက်နဲ့ သင်းကာံ (၁၉၄၀ ခု)

အိုင်ယာလန် ကွန်မြူနစ်ပါတီဝင်တွေရဲ့အဖြစ်ကို ဇာတ်လမ်းဆင်ရေးဖွဲ့ထားတဲ့ဝတ္ထု ဖြစ်ပါတယ်။

ဖရန်စစ်ဂျိုဆက် မက်ဖီလစ်ဟာ အမ်အရပ်ယာ အလုပ်သမားများ သပိတ်မှောက်မှုနဲ့ စပ်လျဉ်းပြီး ယာရှင်အသင်းအတွင်းရေးမှူးကို သေနတ်နဲ့ ပစ်သတ်ခဲ့လို့ ဝရမ်းပြေးနေရတယ်။ သူက ဒဗ္ဗလင်မြို့ထဲကို တိတ်တဆိတ်ဝင်ရောက်လာတယ်။ ရဲဘော် ဂျီပိုနိုလင်နဲ့ တွေ့ဆုံတယ်။ ရဲဘော် ဂျီပိုနိုလင်က အရင်က ရဲပါ။ ကွန်မြူနစ်တွေနဲ့ ဆက်သွယ်တယ်ဆိုပြီး အလုပ်ဖြုတ်ခံရကာ ကွန်မြူနစ်အဖွဲ့ဝင် ဖြစ်လာသူပေါ့။ မက်ဖီလစ်နဲ့အတူ အမ်အရပ် သပိတ်မှောက်မှုကို ဖြေရှင်းခဲ့သူပေါ့။

မက်ဖီလစ်ဟာ တောင်ပေါ်မှာ တိမ်းရှောင်နေရာက အဆုတ်ရောဂါဖြစ်ပြီး ရောဂါသည်းထန်နေလို့ သူ့မိသားစုနဲ့တွေ့ဖို့ လာတယ်လို့ ဆိုပါတယ်။ ဂျီပိုနဲ့

mgyoe.com

mgyoe.com



နှတွေ့ဆုံပြီး သူ့မိသားစုအိမ် ထွက်သွားတယ်။ ဂျိုပို မှာလည်း စားစရာမရှိအောင် ငွေပြတ်လပ်နေတယ်။ ညအိပ်ဖို့တောင် အိပ်ရာမငှားနိုင်ဘူး။ အဲဒီမှာ မက်ဖီလစ်နေတဲ့နေရာ သတင်းပေးနိုင်ရင် ပေါင် ၂၀ ဆုပေးမယ်လို့ ရဲဌာနက ထုတ်ပြန်ထားတာကို သတိရတယ်။ ဒါနဲ့ ရဲဌာနကို သတင်းပေးပြီး ပေါင် ၂၀ ထုတ်ယူလိုက်တယ်။

မက်ဖီလစ်တို့အိမ် ရဲကဖမ်းဖို့ဝိုင်းတော့ မက်ဖီလစ်ဟာ သူ့ကိုယ်သူ သတ်သေသွားတော့တယ်။ ဂျိုပိုက သူ့ကို အထင်မလွဲအောင် မက်ဖီလစ်ရဲ့နာရေးကို သွားမေးတယ်။ ငွေစလေးပြားတောင် ကူညီခဲ့သေးတယ်။ နောက် အရက်ဆိုင်တွေသွား အရက်သောက်၊ အမျိုးသမီးတွေနဲ့ ပျော်ပါးပေါ့။ အဲဒီမှာ ရဲဆော်ဘာလီနဲ့ တွမ်မီတို့က ဂျိုပိုကို ဗိုလ်ကြီးဂလဂါးဆီခေါ်သွားတယ်။ ဗိုလ်ကြီးဂလဂါးက ဂျိုပိုကို မက်ဖီလစ်သေရတာဟာ သတင်းပေးတဲ့သူရှိလို့ဆိုပြီး ပြောပြတယ်။ သတင်းပေးတဲ့သူကို လက်စားချေရမယ်လို့လည်းပြောတယ်။ ဂျိုပို လန့်ဖျပ်သွားတာပေါ့။

ဒါပေမဲ့ ဗိုလ်ကြီးက မင်း ဘယ်သူလို့ထင်လဲဆိုပြီး မေးလာတယ်။ ဒီတော့ ဂျိုပိုက ရက်ဂင်ဖြစ်မယ်ထင်တယ်လို့ ပြောလိုက်တယ်။ ရက်ဂင်ရဲ့နှမနဲ့ မက်ဖီလစ်တို့ ချစ်ကြိုက်ခဲ့ကြသေးတယ်။ မက်ဖီလစ်က အချစ်နယ်ကျွံပြီးမှ တာဝန်မယူသလိုဖြစ်နေတော့ အငြိုးထားဟန်တူတယ်လို့ ပြောလိုက်တယ်။ ဗိုလ်

mgyoe.com

mgyoe.com



ကြီးက ဂျီပိုကို အဖွဲ့ထဲ ပြန်ခေါ်မယ်လို့လည်း ပြော လိုက်သေးတယ်။ ဂျီပိုက သူပြောတာက ဗိုလ်ကြီး ယုံကြည်သွားပြီလို့ ထင်မှတ်တာကိုး။

ဂျီပိုဟာ ငွေလည်းရှိတော့ သုံးဖြုန်းပစ်နိုင်တဲ့ အမျိုးသမီးတွေရှိတဲ့နေရာ သွားတော့တယ်။ ပေါင် ၂၀ ကိုလည်း ကုန်အောင်သုံးပစ်တယ်။ ညနက်ပိုင်း ရောက်တော့ သူ့ကို ဗိုလ်ကြီးဂလဂါးက ခေါ်တယ်။ ရက်ဂင်လည်း ခေါ်ထားတာ တွေ့ရတယ်။ အမှုစစ် တော့ ရက်ဂင်ကိုပြန်လွှတ်ပြီး သူ့ကို ဖမ်းချုပ်ထား လိုက်တယ်။ ထုံးစံအတိုင်း သူ့ကို သတ်ပစ်တော့မယ် ဆိုတာကို ဂျီပိုသိတယ်။ ဒါနဲ့ အချုပ်ခန်းခေါင်မိုးကို ဖောက်ပြီး ထွက်ပြေးတော့တယ်။ ဘာလီတို့ သေနတ် နဲ့လိုက်ပစ်ပြီးဖမ်းပေမဲ့ မမိလိုက်ဘူး။

ဂျီပို ဘုရားကျောင်းရောက်သွားတယ်။ မက်ဖီ လစ်ရဲ့မိခင်နဲ့ တွေ့ဆုံတယ်။ သူသတင်းပေးမိတဲ့ အကြောင်း ခွင့်လွှတ်ဖို့ပြောဆိုတယ်။ မက်ဖီလစ်ရဲ့ မိခင်ကြီးက ခွင့်လွှတ်ပေးလိုက်တယ်။ ဂျီပို ပျော်ရွှင် သွားတယ်။ အဲဒီမှာ ဗိုလ်ကြီးဂလဂါးရောက်လာပြီး ဂျီပိုကို ပစ်သတ်လိုက်တော့တယ်။

သင်းထိုက်နဲ့သင်းကံ ခံလိုက်ပေတော့။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)
# မက်ဖီလစ်နှင့် လူမွဲရုံ

အချိန်ကား ၁၉၂... မတ်လ ၁၅ ရက်နေ့ ညနေ ၆ နာရီ ၃ မိနစ်...။

ဖရန့်စစ်ဂျီဆက် မက်ဖီလစ်သည် ဒန်ဘွိုင် လူမွဲရုံ (သို့မဟုတ်) ဟိုတယ်ထဲသို့ ဝင်သွားလေ၏။ (အိုင်ယာလန်ပြည်) ဒဗ္ဗလင်မြို့တစ်မြို့လုံးပင် ဒန်ဘွိုင်ဟိုတယ်သည် လူမွဲ အညွန့်တုံး သူခိုးသူဝှက် အသေးအမွှားတို့ ပျော်ပိုက်သော ဘုံနန်းကြီးဖြစ်ကြောင်း အကျယ်အကျယ် သိရှိပြီးသားဖြစ်၏။ ဟိုတယ်ရုံပတ်ဝန်းကျင်သည် လူမွဲရပ်ကွက်များ ဖြစ်ကြ၏။ ညစ်ပတ်စုတ်ပဲ့နံစော်၏။ ဟိုတယ်ရုံထဲမှာပင် လူပေါင်းများစွာ ကျပ်တည်းစွာ အိပ်စားနေထိုင်သဖြင့် လူနံ့၊ အစားအသောက်အနံ့၊ အမှိုက်သရိုက်အနံ့များ၊ ထောင်းခနဲ၊ ဟောင်ညှီစွာ ထွက်ပေါ်လာ၏။ လူမွဲလောကနှင့် လျော်ညီစွာ အာဝါသမကောင်း ကျန်းမာရေးနှင့် ဆန့်ကျင်လှ၏။

တဖြောက်ဖြောက်နှင့် မိုးရေပေါက်များ ကျဆင်းလာ၏။ ကောင်းကင်ကြီး ညို့မှိုင်းမည်းနက်သွား၏။ လေထဲ၌ မိုးသီးကလေးများ လွင့်ပါလာ၏။ လမ်းပေါ်မှာ မိုးသီးဖြင့် တင်းကျမ်းပြည့်ဖွေးနေ၏။ စိုစွတ်

mgyoe.com

mgyoe.com


ထိုင်းမှိုင်းသော ဥတုပင်တည်း။

မက်ဖီလစ်သည် ဟိုတယ်ရုံထဲ အပြေးအလွှားဝင်သွားပြီးနောက် တံခါးဝနားရှိ ချောင်များတွင် ဝင်ခိုနေ၏။ နောက်က ဘာသံမျှ မကြားသောအခါ တံခါးဝနားလာ၍ တံခါးအပြင် ဟိုဟိုဒီဒီ နှိုက်နှိုက်ချွတ်ချွတ် လှမ်းကြည့်လေ၏။ ဦးထုပ်ထိပ်ကို မျက်နှာပေါ်ဆွဲချ၏။ လည်ပင်းက အပေါ်အင်္ကျီ ဘလေဇာကော်လံကို အပေါ်ဆွဲတင်လိုက်၏။ တတ်အား သရွေ့ ရုပ်ဖျက်လေ၏။ မက်ဖီလစ်က သူ့နောက် ဘယ်သူဘယ်ဝါ နောက်ယောင်ခံလိုက်ပါလိမ့်ဟု သိချင်လှ၏။ သူ ဟိုတယ်လူမွဲရုံထဲ ဝင်လာသည်ကို လူမသိစေချင်၊ အဘယ်ကြောင့်ဆိုသော် မက်ဖီလစ် သည် ရာဇဝတ်ကောင်ဖြစ်၏။ ဝရမ်းပြေးဖြစ်၏။ သူသတ်ဖြစ်၏။

လွန်ခဲ့သော အောက်တိုဘာလက အမ်အရပ်၌ ယာအလုပ်သမား များ သပိတ်မှောက်မှုနှင့်စပ်လျဉ်း၍ ယာရှင်အသင်းအတွင်းရေးမှူးကို မက်ဖီလစ်က သေနတ်ဖြင့် ပစ်သတ်ခဲ့၏။ လူသတ်မှုဖြစ်ကတည်းက ဝရမ်းထွက်ပြေးနေရ၏။ ဒဗ္ဗလင်တစ်ဝိုက်ရှိ တောင်တန်းများပေါ်သို့ တက်ကာ ပုန်းအောင်းနေရ၏။

နာရီဝက်လောက်က မက်ဖီလစ်သည် ဒဗ္ဗလင်မြို့ထဲသို့ ကုန်တင် မီးရထားခိုးစီးကာ ပြန်ဝင်လာခဲ့၏။ မီးရထားဂါတ်ဗိုလ်မှာ မက်ဖီလစ်ပါ ဝင်သော အိုင်ရစ် ကွန်မြူနစ်ပါတီ အစည်းအရုံးဝင်တစ်ဦးဖြစ်လေသည်။

မက်ဖီလစ်မှာ နောက်ယောင်ခံလိုက်မှာစိုးသဖြင့် တံခါးပေါက်မှာ လမ်းထဲသို့ ဥဒဟိုလျှောက်၍ ကျီးကန်းကဲ့သို့ ဘယ်ညာပတ်ဝိုင်း အရပ် လေးမျက်နှာကြည့်၏။ အတွေ့အကြုံများသော စုံထောက်မျက်စိဖြင့် ကြည့်သဖြင့် မက်ဖီလစ် မျက်စိများမှာ ပုစွန်မျက်စိကဲ့သို့ ပြူးလိလိ ဖြစ်နေပေတော့၏။ လမ်းထဲမှာ နောက်ယောင်ခံလိုက်သူ အရိပ်အယောင် အစွန်းစမျှ မတွေ့မြင်ရမှ သက်ပြင်းကြီးမှုတ်ထုတ်ကာ စိတ်ချနိုင်ပေပြီ။

mgyoe.com

mgyoe.com


မက်ဖီလစ်သည် တံခါးပေါက်ကို ကျောပေးကာ ရုံအတွင်းသို့ ရပ်ကြည့်ပြန်လေ၏။

မက်ဖီလစ်မှာ အရပ်အမောင်း အလောတော်ထဲကပင် ဖြစ်သော်လည်း ကျယ်ဝန်းမောက်မားသောပခုံးနှင့် ရင်ဘတ်ကြီးများရှိ၏။ လမ်းလျှောက်လျှင် သားကောင်များ တောထဲမှာလျှောက်သလို လျှောက်တတ်၏။ မျက်နှာမှာ သေးသွယ်၍ ဝါ၏။ ဆံပင်နက်သလောက် မျက်ခုံးမွေးကောင်း၏။ မျက်လွှာချထားသောအခါ မျက်လုံးပြာကြီးများမှာ အရောင်ထွက်၍ မျက်ခွံအပေါ်သို့ လှန်ထားသောအခါ မက်ဖီလစ်မှာ မျက်လုံးလှသူတစ်ယောက်ဖြစ်၏။ မေးရိုးမှာ လေးထောင့်ဖြစ်ရုံမက အရိုးပေါ်အရေတင်ကာ မပြည့်ဝချေ။ နှာတံဖြောင့်၏။ ပါးခွက်ချိုင့်၍ ပါးရိုးမြင့်မား၏။ ချောင်းခြောက်ဆိုးသောအခါများတွင် မက်ဖီလစ်မျက်နှာမှာ ရှုံ့တွသွားတတ်လေသည်။

မက်ဖီလစ်မှာ ညစ်ပတ်စုတ်ပဲ့သော၊ သဘော်သားဝတ် အပြာရောင်ဘောင်းဘီရှည်ကို ဝတ်ထား၏။ မိုးကာအင်္ကျီကို အပေါ်ထပ်ဝတ်ကာ လည်ပင်း၌ ကြယ်သီးအပြည့်အစုံ တပ်ထားလေသည်။ ဝတ်ထားသောဖိနပ်မှာ အစုတ်၊ အဟောင်းဖြစ်၏။ စီးသွားလျှင် မိုးရေဝင်သဖြင့် တကျွိကျွိနှင့်မြည်လေသည်။ ဝဲဘက်လက်မောင်းအောက်၌ သားရေအိတ်ဖြင့် ခြောက်လုံးပြူးသေနတ်ထည့်ထား၏။ ခြောက်လုံးပြူးအိတ်ကို လည်ပင်းမှ ကြိုးစလွယ်သိုင်းထားလေသည်။

မက်ဖီလစ်မှာ ဟိုတယ်အခန်းမထဲသို့ ဝင်သွားသောအခါ လက်တစ်ဖက်က မိုးကာအင်္ကျီထဲနှိုက်ကာ ခြောက်လုံးပြူးကိုင်ထားလေသည်။ ဟိုတယ်စာရေးနှင့် ဆင်းရဲနွမ်းပါးရုပ်ပြသော အဘိုးအိုသုံးယောက်မှာ ဆူညံစွာ စကားပြောနေ၏။ စာရေးက အဘိုးကြီးတစ်ယောက်အား မောင်းထုတ်လေ၏။

mgyoe.com

mgyoe.com


အမောင်းခံရသော အဘိုးကြီးသည် ဆိုးရွားသောမျက်နှာဖြင့် မက်ဖီလစ်ဆီ လှည့်ကြည့်ပြီးလျှင် မက်ဖီလစ်အနား ကပ်လျှောက်ကာ လမ်းထဲ ထွက်သွားလေ၏။

"သိပ်လူဝါးဝတာပဲ၊ သတ်ပစ်ဖို့ကောင်းတယ်"

"အေး... ဟုတ်တယ်၊ သိပ်ရှုပ်တဲ့အကောင်ကွ" ဟု ကျန်ရစ်ခဲ့သော အဘိုးကြီးနှစ်ယောက်က အချင်းချင်း ပြောနေကြကုန်၏။

ဟိုတယ်စာရေးထံ ကျန်ရစ်သူ အဘိုးကြီးနှစ်ဦးက အိပ်ရာလက်မှတ်တောင်းနေ၏။ စာရေးက မောင်းမဲသည်ကို တောင်းတောင်းပန်ပန်နှင့် တောင်းနေလေ၏။

မက်ဖီလစ်က ဟိုတယ် အော်ဖစ်လက်မှတ်ရုံနားက ဖြတ်၍ ညေ့ခန်းကြီးထဲဝင်သွား၏။ ကုလားထိုင်များ ကျိုးတိုးကျဲတဲနှင့် ပြန့်ကျဲနေ၏။ တချို့မှာ မြင်မကောင်းအောင် ကျိုးပဲ့နေကြ၏။ ဟိုတစ်စု၊ သည်တစ်စုနှင့် လူစုများမှာ ထိုင်ချင်သလိုထိုင်၊ နေချင်သလိုနေကာ ဖြစ်ကတတ်ဆန်း နေကြပြောကြ၏။ သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန် ဝတ်စားသူမှာ တစ်ယောက်မျှမရှိ။ ကြမ်းပိုးတေလေ လူမွဲများဖြစ်ကြ၏။ တချို့မှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် လူအိုမင်းနေ၏။ ထမင်းငတ်ခြင်း၊ ရောဂါဘယဖြစ်ခြင်းများ၏ အကျိုးကျေးဇူးများပင်တည်း။ တချို့မှာ လက်နောက်ပစ်ကာ ခေါင်မိုးကြည့်၍ စဉ်းစားနေကြ၏။ တချို့က မတ်တတ်ရပ်လိုက်၊ ထိုင်လိုက်နှင့် ခွေးနေရာမရသကဲ့သို့ရှိနေ၏။

စီးကရက်ကို ခပ်မှန်မှန်ကလေးဖွာထုတ်ရင်း မက်ဖီလစ်က ညေ့ခန်းဟော(လ်)ကြီးထဲက လူပေါင်းစုံမျက်နှာကို သေချာစွာ မြေခွေးကြည့်မျိုးနှင့် ကပ်ကြည့်ရင်း လျှောက်သွားလေ၏။ အကြည့်ခံရသူများကလည်း မက်ဖီလစ်အား ဂရုမစိုက်ကြ၊ မက်ဖီလစ်က ညေ့ခန်းအဆုံးညာဘက်ခန်းမကြီးတစ်ခုဆီကို လက်တွန်းထက်ဝက် တံခါးကို တွန်းဝင်

mgyoe.com

mgyoe.com


သွားလေ၏။

ထိုအခန်းမှာ စာကြည့်ခန်း၊ ကစားဝိုင်းခန်း ဖြစ်ဟန်တူ၏။ တချို့ စားပွဲများပေါ်၌ သတင်းစာများ ပြန့်ကျဲ၍နေလေသည်။ တချို့က စားပွဲပေါ်မှာပင် ဝမ်းလျားမှောက် စစ်တုရင်ထိုးနေကြ၏။ တချို့က စာဖတ်၏။ တချို့က ဖဲရိုက်ကြ၏။ သို့သော် များသောအားဖြင့် မိမိတို့ရှေ့တည့်တည့်အား စိုက်ကြည့်ကာ ကိုယ့်ဘဝအသီးသီး ကိုယ်ပြန်ကြည့်၍ ဆင်းရဲလေလေ၊ သံဝေဂရလေလေ လူ့ပြည်ပျောင်းမုန်း၍ လူ့ပြည်သစ်တည်ရန် အကြံထုတ်နေကြ၏။ အညွန့်တုံးသွားသော ဘဝကြီးအား နှမြောစုံမက်နေကြသေး၏။

မက်ဖီလစ်သည် လက်ဝဲလက်က စီးကရက်ကို လက်ကြားညှပ်၍ လက်ယာလက်က မိုးကာအင်္ကျီ ရင်ဘတ်ကြယ်သီးနှစ်လုံးကြားရှိ ခြောက်လုံးပြူးလက်ကိုင်ကို ဆုပ်ကိုင်ထားကာ စားပွဲတစ်ခုပြီးတစ်ခု လျှောက်ကြည့်လေ၏။ မက်ဖီလစ်အား မည်သူမျှ ဂရုမစိုက်ချေ။ မက်ဖီလစ် ဝရမ်းပြေးမှန်း သိလင့်ကစား စိတ်ပန်းကိုယ်ကြေ၍ လူ့ပြည်ကို စိတ်နာနာသော ဤလူတစ်သိုက်မှာ ဗရန်းဗရင်း ဖြစ်သွားကြမည် မဟုတ်ချေ။ အလုပ်ကြမ်းသမား၊ သူခိုး၊ သူဝှက်နှင့် ဇရာထောင်း၍ ကုပ်ချောင်းချောင်း ဖြစ်နေသော လူများမှာ အားအင်သေးသိမ်ကြသဖြင့် စည်းစိမ်ကြီးရှင်မိန်းမများကဲ့သို့ လူသတ်မှုတစ်မှုအတွက် ကျီးလန့်စာစား ဖြစ်ကြမည် မဟုတ်ချေ။ ရာဇဝတ်မှုကျူးလွန်သူများအဖို့မှာ လူသတ်မှုသည် အထူးအဆန်းမဟုတ်ချေ။

မက်ဖီလစ်မှာ စာကြည့်ခန်းထဲ၌ သူတွေ့လိုသူကို မတွေ့သဖြင့် ထမင်းစားခန်းဘက်သို့ ကူးသွားလေ၏။ ထမင်းစားခန်းမကြီးမှာ ကျယ်ဝန်း၍ စားပွဲခုံရှည်ကြီးများ ပြည့်နှက်လျက်ရှိလေသည်။ စားပွဲခုံအောက်၌ ထမင်းစားပြီး ထသွားသူတို့ လွှင့်ပစ်ခဲ့သော အရိုးအရင်းများ တင်းကျမ်း

mgyoe.com

mgyoe.com


ပြည့်နေ၏။ မက်ဖီလစ် ထမင်းစားခန်းထဲ ဝင်သွားသောအခါ တချို့တလေမှာ ထမင်းစားကောင်းတုန်း အချိန်အခါပင်တည်း။ စားပွဲခုံပေါ်မှာ လက်တင်၍ ပလုတ်ပလောင်း ချွေးသံတရွှဲရွှဲနှင့် ထမင်းကြိတ်နေသူများမှာ မက်ဖီလစ်ဝင်လာမှန်း မသိကြ၊ ကိုယ့်ဘာသာကိုယ်သာ တွင်တွင်ကြီး စားနေကြ၏။

မက်ဖီလစ်က ထမင်းစားခန်းထဲတွင် ထမင်းစားနေကြသော လူများကို တစ်ချက်လှမ်းကြည့်ရုံနှင့် သူရှာနေသောလူကို ရိပ်ခနဲ တွေ့ရလေ၏။ သူရှာနေသောလူမှာ ထမင်းစားခန်း အရှေ့ဘက်အစွန်ဆုံး၊ ထောင့်ခပ်ကျကျမှာ ခေါင်းမဖော်ဘဲ ထမင်းစားနေလေ၏။ မက်ဖီလစ်က ထိုလူရှိရာသို့ စိုက်စိုက်၊ စိုက်စိုက်နှင့် ဘေးပတ်လည်မကြည့်ရှုဘဲ သွားလေ၏။ မက်ဖီလစ် ရှာတွေ့သောလူမှာ အသက် ၃၀ အရွယ်ရှိ၏။ ကြွေပန်းကန်ပြားပေါ်ပုံထားသော အာလူး၊ ဂေါ်ဖီနှင့် ဝက်ပေါင်ခြောက်များကို အားရပါးရ လွေးနေလေ၏။

မက်ဖီလစ်ရှာတွေ့သူမှာ အပြာရောင်အဝတ်အစားဝတ်ထား၍ လည်ပင်း၌ လည်ပတ်အဖြူကို ပတ်ထားလေသည်။ မျက်ခုံးမွေးနက်၍ ကြောင်မျက်လုံးရှိ၏။ မျက်နှာမှာ နီရဲ၍ ချွေးသီးများ သီးနေလေသည်။ မျက်နှာနီရုံမက အနားကပ်ကြည့်လျှင် လည်ပင်း၊ လက်မောင်း အသားများလည်းနီ၏။ နှာခေါင်းဖုတို၍ ပါးစပ်ကြီးကာ နှုတ်ခမ်းထူ၏။ ကိုယ်လုံးကိုယ်ထည်မှာ အလွန်ကြီးမားလှကြောင်း အရိုးအရင်းကပြ၏။ အဆစ်အမြစ်ကြီး၏။ ကြွက်သားကြီးများ၊ လက်မောင်းအိုးများမှာ ဖုထစ်ကာ လှုပ်နေ၏။ နွားတစ်ကောင်ကို လက်သီးနှင့်ထိုးရုံပင် နွားပုံလျက်လဲမည့်အင်အားမျိုးရှိသည့် လူစားမျိုးဖြစ်လေသည်။ ထမင်းစားသောအခါ ကိုယ်ကို မတ်မတ်ထားထိုင်ကာ ရှေ့သို့ တည့်တည့်ကြည့်လေ့ရှိ၏။ ပါးစပ်က ပလုတ်ပလောင်းစားနေစဉ် လက်နှစ်ဖက်စလုံး စားပွဲပေါ် ဖြန့်း

mgyoe.com

mgyoe.com


ခနဲချကာ တဝါးတည်းဝါးနေ၏။ သို့သော် မက်ဖီလစ်သဏ္ဍာန်ကို မြင်မြင်ချင်း အဝါးရပ်သွားကာ ပါးစပ်ပိတ်ထားလိုက်၏။ ခက်ရင်းကိုင်ထားသောလက်ကို စားပွဲပေါ် အသံမကြားအောင် ဖြည်းညင်းစွာ ချလေ၏။ မျက်နှာပျက်သွားကာ ကြက်သေလည်း သေသွားလေသတည်း။

မက်ဖီလစ်က ထိုသူရှေ့တည့်တည့် စားပွဲတစ်ဖက်တွင် ထိုင်ချလိုက်လေ၏။ မက်ဖီလစ်က တုံဏှိဘာဝေလုပ်နေကာ သိက္ခမ်းဟန်လက္ခဏာလည်းမပြချေ။ သို့သော် မက်ဖီလစ်က သူရှာဖွေနေသူသည် သူ့ရှေ့ကလူမှန်း တပ်အပ်သေချာစွာ သိရှိ၏။ သူတို့နှစ်ဦးမှာ အလွန်ချစ်လှသော ရဲဘော်ရဲဘက် မိတ်ဆွေကြီးများဖြစ်ကြ၏။ မက်ဖီလစ်ရှေ့မှာ ကြက်သေ သေနေသူမှာ ဂျီပိုနိုလင်ဖြစ်လေသည်။

ဂျီပိုနိုလင်သည် ယာသမားများ သပိတ်မှောက်မှုကိစ္စ၌ မက်ဖီလစ်နှင့်အတူတူ ရွက်ဆောင်ခဲ့၏။ မက်ဖီလစ်က ယာရှင်အသင်းအတွင်းရေးမှူးကိုသတ်စဉ်က ဂျီပိုရှိလေသည်။ ဂျီပိုသည် ဒဗ္ဗလင်မြို့မှာ ပုလိပ်အလုပ်လုပ်ကိုင်ခဲ့၏။ သို့သော် တော်လှန်မှု အစည်းအရုံးဖြစ်သော အိုင်ရစ်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံပေါင်းသင်းသည်ဟု ဒဗ္ဗလင်ပုလိပ် ဗဟိုဌာနက မယုံသင်္ကာဖြစ်လာကာ ဂျီပိုအား ပုလိပ်အဖွဲ့မှ ထုတ်ပစ်လိုက်၏။ ထိုအခါမှစ၍ ပုလိပ်လူထွက် ဂျီပိုသည် တော်လှန်မှု အစည်းအရုံးဝင်တစ်ဦးဖြစ်သွားကာ မက်ဖီလစ်နှင့် အတူတူတွဲ၍ အစည်းအရုံးအလုပ်များ လုပ်ကိုင်ကြသဖြင့် အစည်းအရုံးပိုင်းမှာ "သူရဲညီအစ်ကို" ဟု နာမည်ကြီးခဲ့ကြ၏။

"ဘယ့်နှယ်လဲ ဂျီပို၊ မင်းတို့ လောကကြီးမှာ ဘာတွေဖြစ်နေကြသလဲ" ဟု မက်ဖီလစ်ကပင် စကားစလိုက်လေ၏။ မက်ဖီလစ်မျက်လုံးရှင်ကြီးများမှာ ဂျီပို ကြောင်မျက်လုံးကို ထိုးထွင်းကြည့်နေလေ၏။ မက်ဖီလစ်အသံမှာ လူမှန်အသံဖြစ်သော်လည်း ကြမ်းကြုတ်ခက်ထန်၍ အသိုက်

mgyoe.com

mgyoe.com


အခိုးခံရသော ငှက်ငယ်၏ တအားကုန် အသံမြည်ခြင်းနှင့်လည်း တူ၏။

"ငါပေးခိုင်းတဲ့စာတွေ လျှောက်ပေးပြီးပြီလား၊ ဟိုညနေ မင်းနဲ့ငါနဲ့ ခွဲပြီးတော့ ငါ တောင်ပေါ်တက်ပြေးကတည်းက ငါ့အိမ်အကြောင်း ငါ မပြောရတော့ဘူး။ ဘာထူးသေးသလဲ၊ မင်း ဘာလုပ်နေသေးသလဲ ဂျိုပို" ဟု မက်ဖီလစ်က ဂျိုပိုအား ပထမမေးခွန်း အဖြေမရသေးခင် အသက်ရှူ မှားလောက်အောင်ပင် နောက်ထပ် ထပ်ကာ မေးမြန်းလေသတည်း။

ဂျိုပိုမှာ ကြက်သေသေရာမှ မျက်တောင်ခတ်မြန်လာကာ ပါးစပ် အနည်းငယ် လှုပ်လာလေ၏။ သို့ရာတွင် ဘာတစ်ခွန်းမျှမပြောချေ။ ထို့နောက် ဂျိုပိုက စကားပြောချင်၍ ပါးစပ်က မထွက်သောကြောင့် သူ့လည်ချောင်းမှ တစ်ဆို့သံ အာဂလောက်သံကြီး မရေမရာပေါ်လာ၏။ အာလူးတစ်လုံး လေးစိတ်စိတ်ကာ တစ်စိတ်ကို ခက်ရင်းနှင့်ထိုး၍ ပါးစပ် ထဲထည့်သွင်းလိုက်၏။ အာလူးဝါးရင်း စကားစပြော၏။ မိုးခြိမ်းသံကဲ့ သို့ ကျယ်လောင်၏။

"မင်း... ဘယ်က... လာသလဲ... ဖရင်ကီး" ဟုမေးလျှင်...

"ငါ ဘယ်ကလာလာ မင်းနဲ့မဆိုင်ပါဘူး၊ ငါ့မှာ ဖွဲ့နွဲ့ပြောဖို့ အချိန် မရှိဘူး။ ငါ မင်းလာရှာတာ၊ မင်းဆီက သတင်းရဖို့၊ မင်းသိသလောက် သတင်းထူးတွေပြောစမ်း၊ ပထမပြောစမ်း၊ နေဦး၊ ငါပေးခိုင်းလိုက်တဲ့ စာတွေကော မင်း ပေးပြီးပြီလား။ ထမင်းနောက်မှစားပါကွ၊ ဖြေစမ်းပါ။ ဟော့လူ... မင်းဟာ တိရစ္ဆာန်လားကွယ့်၊ ဒီမှာ ငါဖြင့် ပုလိပ်လိုက်လို့ ထွက်ပြေးနေရတယ်။ မင်းကဖြင့် ထမင်းစားတောင်မပျက်ဘူး။ ခက်ရင်း ချထားစမ်းပါ၊ ငါ သေနတ်နဲ့ ပစ်သတ်ရမလား။ ငါ သွေးစွန်းနေပြီ။ ငါ့အသက်ဘေး ငါ ပမာဏမထားဘဲ မင်းဆီ ရှာလာရတာ၊ မင်းဆီက သတင်းထူးကြားချင်လို့ကွ။ ကိုင်း... ပြောလေ၊ ဖြေလေ" မက်ဖီလစ်မှာ ဒေါသထောင်းထကာ အံကြိတ်လေ၏။

mgyoe.com

mgyoe.com


ဂျိုပိုက ပါးစပ်ထဲသို့ နောက်ဆုံးပိတ် အာလူးတစ်လုံး သွတ်သွင်းလိုက်ပြီး ခက်ရင်းချကာ လက်သုတ်ရင်း...

"ဟော့... မင်းလုပ်ရင် ဒီလိုချည်းပဲ၊ မင်းရူးသလား၊ ငါ ပြောပါ့မယ်၊ နည်းနည်းစောင့်ရင်၊ မင်းဆီကစာတွေကို မင်းမိဘရယ်၊ အစည်းအရုံးအမှုဆောင်တွေရယ် ပေးလိုက်ပြီ။ မင်းအဖေကဖြင့် ငါ့ကို ဆဲလွှတ်တယ်။ မင်းကိုလည်းဆဲတာပဲ။ မင်းအမေကတော့ မျက်ရည်စက်လက်နဲ့ ငါ့လက်ထဲ ပေါင်တစ်ပေါင် ထည့်ပေးလိုက်သေးတယ်။ မင်းကို ငါ ဘယ်လိုရှာရမှန်းလဲမသိဘူး။ ငါ့မလည်း ဆာလိုက်တာ သေချင်ရော။ ငါ ခု ဒီမှာ ဝင်စားတာပဲ၊ ဒီတော့..." ဟု ဂျိုပိုက ပါးစပ်ပလုတ်ပလောင်းနှင့် အေးဆေးစွာ ဝင်စွက်လိုက်ပြန်ကာ ချောင်းဆိုးလေ၏။ ဂျိုပိုက ချောင်းဆိုးပျောက်အောင် စောင့်နေပြီးနောက်...

"မင်းလည်းသိမှာပဲ၊ အစည်းအရုံးအမှုဆောင်တွေအကြောင်းကို၊ သူတို့ဆီက မင်းဆီ လူတစ်ယောက် လွှတ်ပြောခိုင်းသတဲ့၊ သပိတ်နဲ့ ပတ်သက်ပြီးတော့ ငါ မင်းအကြောင်းနဲ့ပတ်သက်ပြီး ဖြစ်ပွားတဲ့ အခြေအနေ သွားတိုင်တော့တောင် ငါ့ကို ပစ်သတ်မလို့၊ မောင့်ဗိုလ်ကြီး ဂလဂါးက မင်းဆီ သူ့လူတွေ လွှတ်သတ်ခိုင်းမလို့တဲ့။ အစည်းအရုံးကလူတွေ ဝိုင်းထားလို့ မင်း ယာရှင်သတ်မှုကျူးလွန်တာ စည်းကမ်းဖောက်သတဲ့၊ ငါ့ကိုရော မင်းကိုပါ အစည်းအရုံးက ထုတ်ပစ်လိုက်ပြီ။ မင်းလည်း သိသားပဲ၊ သေနတ်ပစ်တုန်းက ငါ ဘာမှမလုပ်ဘူးဆိုတာ၊ နောက်ပြီး ဆက်လက်ပြောလေရာ...

"ဘာ..." ဟု မက်ဖီလစ်က ဒေါသူပုန်ထကာ စားပွဲကို လက်သီးနှင့် ထုလျက် ချောင်းဆိုးပြန်၏။ ဂျိုပိုက ချောင်းဆိုးပျောက်သည်အထိ စောင့်ဆိုင်းမနေတော့ဘဲ...

"ပုလိပ်ကလည်း ငါ့ကိုဖမ်းတာပေါ့၊ ငါ့အမှုက သက်သေမခိုင်လို့

mgyoe.com

mgyoe.com


တာနဲ့ ငါ့ကိုနှိပ်စက်ပြီး လွှတ်လိုက်တာပဲ။ ငါလည်း ခွေးလို လျှောက်တောင်းစားနေတာပဲ၊ ထမင်းတောင်ငတ်တာပေါ့” ဆက်လက်ပြောပြလေ၏။

“အစည်းအရုံးအမှုဆောင်တွေ၊ အကြောင်းတွေ ငါမကြားချင်ဘူး။ သင်းတို့ ငါမပြောချင်ဘူး၊ ငါ့မိဘအကြောင်းသာ သိချင်တယ်။ သူတို့ ဘယ်လိုနေ၊ ဘာလုပ်နေကြသလဲ ဂျိုပို” ဟု မက်ဖီလစ်က သက်ပြင်းကြီး မှုတ်ထုတ်ရင်း မေးပြန်လေသတည်း။

ဂျိုပိုက အောက်နှုတ်ခမ်းကိုက်ကာ မက်ဖီလစ်အား ကြောင်မျက်လုံးပြူးကာ ကြည့်နေ၏။ မက်ဖီလစ်မျက်နှာမှာ သွေးမရှိ၊ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို ဂျိုပို မြင်ရ၏။ မျက်နှာတင်းထားသော်လည်း မက်ဖီလစ် ဝမ်းထဲက မချိကြောင်း ဂျိုပို ရိပ်မိ၏။

“ဖရန်ကီ... မင်း နေမကောင်းဘူးလား၊ မင်းကြည့်ရတာ အားမရဘူး။ သေခါနီးလူမမာရုပ်ပဲ” ဟု ဂျိုပိုက လေးနက်သော အသံကြီးဖြင့် ပြောလေလျှင်...

မက်ဖီလစ်မှာ အိပ်သောယောကျ်ား၊ နိုးသောလားသို့ ဟိုဟိုဒီဒီ လန့်ဖျပ်ကြည့်မိ၏။ မျက်နှာ အားမရဘူးဆိုတာ သေတော့မလို့ပဲဟု တွေးလိုက်လေ၏။

“ကိုင်း... ထမင်းဝင်စားပါ၊ အားရှိအောင်၊ နွေးအောင်” ဟု ဂျိုပိုက လောကွတ်ပြုလေ၏။

ဂျိုပိုက သားကြီးများစားသကဲ့သို့ အာလူးနှင့် ဝက်ပေါင်ခြောက်အား ဆက်လက်စားလေ၏။ မက်ဖီလစ်က ရူးကျွေးသော်လည်း ဘာမျှ မစားဘဲ...

“အေး... ငါသေခါနီးပြီဂျိုပို၊ ဒါကြောင့် မင်းဆီငါလာတာ။ ငါ့မှာ အဆုတ်နာဖြစ်နေတယ်။ (ဂျိုပိုက နှာခေါင်းတွန့်သွား၏။ သူ့ခေါင်းထဲ၌

mgyoe.com

mgyoe.com


စိတ်ကူးအဆန်းအထူး ဝင်လာလေ၏)။ ငါ့အမေဆီက ငွေတောင်းလာတာပဲ။ ငါမသေခင် ငါ့အမေကို တွေ့ချင်သေးတယ်။ တောင်ပေါ်မှာ အေးကအေးသနဲ့၊ သေနတ်အဖော်ပြုပြီး တစ်ပိုင်းသေခံနေရတာ၊ ဘုရားရေ" ဟု မြည်တမ်းလေ၏။ ချောင်းဆက်လက်ဆိုးရာ တော်တော်နှင့်မရပ်စဲတော့ချေ။ ဂျီပိုမှာ မက်ဖီလစ်ပြောသမျှ၊ ချောင်းဆိုးသမျှကို မကြားတော့ချေ။ ခေါင်းထဲဝင်လာသော စိတ်ကူးဆန်းထူးရှူးကိုသာ အရေးပေးကာ တွေးနေလေသတည်း။ ထိုစိတ်ကူးမှာလည်း မက်ဖီလစ်နှင့် ပတ်သက်လေသည်။

"ငတ်လည်းငတ်၊ အေးလည်းအေး၊ ရောဂါလည်းဖြစ်၊ တောင်ပေါ်မှာ မနေနိုင်ဘူး။ တစ်နေရာပြေးမှပဲ၊ ဒါကြောင့်မို့ မင်းဆီ အရင်လာတာ ဂျီပို၊ မင်းဆီမှာ စနည်းနာပြီးမှ ရှေ့ဆက်မလို့ ငါ့မိဘအိမ်မှာ ပုလိပ်အစောင့် ချထားသလား" ဟု မက်ဖီလစ်က ဝင်စွက်ရာ။

"ပုလိပ်အစောင့်လား မရှိဘူး၊ ဘာကြောက်စရာလဲ" ဟု ဂျီပိုက လွတ်ခနဲပြောလိုက်ပြီးနောက် ဂျီပိုက မက်ဖီလစ်ဆီ ညာဘက်လက်ကမ်းလေ၏။ ဂျီပို မျက်လုံးနှင့် ပါးစပ်များမှာ သရဲမြင်သူကဲ့သို့ ပွင့်ဟပြနေ၏။ ဂျီပိုမှာ သူ့ခေါင်းထဲဝင်လာသော စိတ်ဘီလူးကို သူမြင်နေပေပြီ။

မက်ဖီလစ်က နဖူးရေတွန့်လာကာ စားပွဲပေါ် လက်ထောက်မှီလိုက်၏။ "ဘာဖြစ်တာလဲဂျီပို၊ ဘာလဲ၊ ပြောစမ်း" ဟု လျှင်မြန်စွာမေးရင်း သူ့ခါးထဲက သေနတ်ကို လက်တစ်ဖက်က စမ်းလေ၏။

"ဂျီပို၊ ငါ့နောက် ပုလိပ်တွေ တကောက်ကောက်လိုက်နေတယ်။ ငါလည်း သေခါနီးပြီ၊ ငါ သေနတ်နဲ့ ပစ်သတ်ရပါတယ်။ ငါ့ကိုယ်ငါ ပစ်သတ်ဖို့ ကျည်ဆန်တစ်ခုတော့ ချန်ထားတယ်။ ခု... ငါမရှိတုန်း ဖြစ်တာတွေ အမှန်ပြောစမ်း။ မပြောရင်တော့ မင်းကို ငါ သေနတ်စမ်းရမှာပဲ" ဟု မက်ဖီလစ်က မျက်နှာပုပ်ကြီးနှင့် အံကြိတ်ရင်းပြောလေ၏။

mgyoe.com

mgyoe.com


ဂျိုပိုမှာ မက်ဖီးလစ်လက်ကိုသာ စိုက်ကြည့်နေ၏။ မတော်... ရှုးရှုးပေါပေါ စိတ်ညစ်ညစ်နဲ့ ငါ့ကိုများ ပစ်သတ်မလားဟဲ့ဟု တွေးနေလေ၏။

ဂျိုပို၏ခေါင်းထဲ၌ စိတ်ဘီလူး ပျောက်ကွယ်သွားလေ၏။ မက်ဖီလစ်အား သနားကြင်နာစိတ် စွန်းစမျှ ဝင်လာလေသတည်း။

"ဖရင်ကီ မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့ကွယ်။ ငါလည်း သိပ်မပြောချင်ဘူး" ဂျိုပိုက စကားပြောနေရင်း သူ့ခေါင်းထဲတွင် စိတ်ဘီလူးဝင်နေပြန်တော့၏။ စိတ်ဘီလူးက မဟုတ်တာတွေ လျှောက်ပြောရန် အကြံပေးနေ၏။ ဂျိုပိုက စိတ်ချုပ်တည်းကာ "မင်းအဖေအိမ်မှာ ပုလိပ်အစောင့် ထားသလား၊ မထားဘူးလားဆိုတာ ငါ အတပ်မပြောနိုင်ဘူး။ ဟို လူသတ်မှုဖြစ်တဲ့ညကတည်းက ငါလည်းမရောက်တာ၊ မတော် မင်းသွားလို့ ဆီးဖမ်းလိုက်ရင်" ဟု ဆက်လက်ပြောလေရာ...

"မင်း ဘာတွေလျှောက်ပြောနေသလဲ"ဟု မက်ဖီလစ်က ခေါင်းရှေ့တိုးကာ အော်ပြောလေ၏။ မက်ဖီလစ်မှာ ဂျိုပိုအား မယုံသင်္ကာ ဖြစ်လာလေ၏။ ဂျိုပိုက အရိပ်ဖမ်းမိလိုက်သဖြင့်...

"ဘာမှမဖြစ်ပါဘူး၊ ငါက စိုးရိမ်လို့ပါ။ ငါလည်း ထမင်းငတ်လို့ တောင်တောင်အီအီ လျှောက်တောင်းစားရတာပဲ၊ နှင်းတွေ ရေခဲတွေ..."

"မင်းအကြောင်း ဘာဖြစ်တာတွေ ငါ မကြားချင်ပါဘူးလို့ဆို..."

"ဒေါသကြီးချည့်လား သူငယ်ချင်းရယ်၊ ငါ စကားကုန်အောင် ပြောပါရစေဦး။ စုံထောက် စာသင်မက်ကာတီရယ်၊ သူ့အကောင်တစ်ကောင်ရယ်၊ ဟိုတစ်နေ့က လမ်းထဲမှာတွေ့တယ်။ ငါ့ဆီက စကားအစ်သေးတယ်။ ဘာမှမရတော့ မက်ဖီလစ်ကို အသေရရ၊ အရှင်ရရ၊ မရမချင်း မနေဘူးတဲ့၊ လိုက်နေမယ်တဲ့၊ စာသင်မက်ကာတီက ဒေါနဲ့မောနဲ့"

"သူက ငါ့ကိုဖမ်းဖို့ ဟင်... ခု ရပြီလား" မက်ဖီလစ်မှာ အံကြိတ်

mgyoe.com

mgyoe.com


ကာ ပြောနေလေ၏။

ဂျိုပိုမှာ ကိုယ်ရှိန်သတ်ကာ သူ့ရှေ့စားပွဲပေါ်တွင်ရှိသော အာလူး အကျန်များကို နှိုက်စားပြန်၏။ မက်ဖီလစ်က ဂျိုပိုကို စူးစမ်းသောသဘော ဖြင့် စိုက်ကြည့်လေ၏။ ထိုနောက် မက်ဖီလစ်က ရယ်သွမ်းသွေးရာ ဂျိုပိုက လန့်၍စားရင်း ခေါင်းထောင်လိုက်လေ၏။

"ဘာဖြစ်တာလဲ ဖရင်ကီ"

"ငါစားဖို့ တစ်ခုခုပေးစမ်း"

ဂျိုပိုက မက်ဖီလစ်စားဖို့ အော်ဒါပေးကာ စားဖွယ်သောက်ခင်း ရောက်လာသောအခါ မက်ဖီလစ်မှာ စကားမပြောဘဲ လင်းတအငတ်ကြီး လူသေကောင်စားသလို မြိန်ရေရှက်ရေနှင့် စားနေလေ၏။

ဂျိုပိုမှာ အာလူးနှင့်ကော်ဖီရောစားရင်း စားလုံးကြီးနေသော မက်ဖီ လစ်အား အထူးအဆန်းလုပ်ကြည့်နေ၏။ မက်ဖီလစ်မှာ အစားသာ ဂရုစိုက်စားနေလေသတည်း။

နာရီဝက်အကြာ မက်ဖီလစ် တင်းတိမ်သောအခါ ဘောင်းဘီအိတ် ထဲက လက်ကိုင်ပဝါကိုထုတ်ကာ ပါးစပ်သုတ်လေ၏။

"ဂျိုပို တစ်(တ်)လမ်းက ငါ့အဘိုးကြီးအိမ်ကို ပုလိပ် စောင့်နေသေး သလား"

ဂျိုပိုက ခေါင်းသုံးလေးကြိမ်ခါလေ၏။ "ခရစ္စမတ်တုန်းကတော့ ပုလိပ်စောင့်နေတယ်၊ ခုများ စုံထောက်စောင့်မလား၊ မယောင်မလည် အရပ်ဝတ်အရပ်စားနဲ့ မင်း ငါ ပိုက်ဆံမပေးနိုင်ဘူး။ ငါ့မှာ..." ဂျိုပိုက လွှတ်ပြောရာ...

"ငါ့လခွေး... ငါက ပိုက်ဆံတောင်းသလား"

မက်ဖီလစ်က စားပွဲကို လက်ဝါးပြားကြီးနှင့်ရိုက်ကာ ပြောလေ၏။

ဖြုန်းခနဲ မက်ဖီလစ်သည် ပါးစပ်က ပွစိပွစိနှင့် ဘာပြောရရှက်

mgyoe.com

mgyoe.com

မှန်းမသိ ရေရွတ်ကာ ထိုင်ရာမှ ထလိုက်လေ၏။ ဂျီပိုက နောက် ဘာလုပ်ဦးမလဲဟု စောင့်ကြည့်လေ၏။ မက်ဖီလစ်က သက်ပြင်းကြီးမှုတ်ထုတ်ကာ...

"ဟုတ်ပြီ ဂျီပို၊ ငါ့အဘိုးကြီး သူ့အိမ်မှာ ဒီအချိန်ရှိမှာလား"

"မနေ့က ဒီအချိန် မင်းအဘိုးကြီးကို ငါ မြင်လိုက်ရသေးတယ်။ သူ့အလုပ်တိုက်က ပြန်လာတယ်ထင်တယ်"

"ကောင်းပြီ ဂျီပို၊ တွေ့ကြသေးတာပေါ့။ ငါ့ကို ပုလိပ်မမိရင်" မက်ဖီလစ်က တစ်ချက်ပြုံး ပြုံးကာ ကြမ်းကြုတ်သောမျက်နှာဖြင့် ဂျီပိုအားကြည့်ရင်း ပြောလေသတည်း။ မက်ဖီလစ်က ခေါင်းနှစ်ခါညိတ်ပြီးနောက် အခန်းထဲက တစ်ဟုန်တည်း လျှောက်ထွက်သွားလေ၏။

ဂျီပိုက မက်ဖီလစ်ထွက်သွားသည်ကို မျက်စိတစ်ဆုံး လိုက်ကြည့်လေ၏။ ဂျီပိုမှာ သွားကြားထိုးပြီး၍ ထိုင်စဉ်းစားရာ ခေါင်းထဲသို့ စိတ်ဘီလူးဝင်လာကာ အကြံအမျိုးမျိုး ပေးနေလေပြီးနောက် ထွက်သွားလေ၏။ ဘောင်းဘီအိတ်ထဲက ဆေးဘူးကိုထုတ်ကာ စက္ကူပေါ်တင်ထား၍ စီးကရက်လိပ်လေ၏။ ဆေးနံ့မှာ ဂျီပိုကို ဟာဒယရွှင်စေ၏။ ဂျီပိုမှာ တောင်မြောက်လေးပါး စဉ်းစားနေ၏။ ဆေးလိပ်ကို ခပ်မှန်မှန်ကလေး ဖွာထုတ်ကာ မီးခိုးတက်သွားသည်ကို ကြည့်နေပြန်၏။ တဖြည်းဖြည်း နဖူးရေတွန့်လာကာ မျက်ခုံးမြှင့်တင်လိုက်လေ၏။ စဉ်းစားပြန်ပြီ။ ခြေထောက်များ မငြိမ်မသက် ဆောက်ချင်လာ၏။ ပေါင်ပေါ်လက်တင်၍ ပါးစပ်ဆိုင်းတီးလေ၏။ စီးကရက်ကုန်၍ အတိုကို လက်ဖြင့် တောက်ပစ်လိုက်လေ၏။

ဂျီပိုမှာ ဂနာမငြိမ်ချေ။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ကြမ်းပေါ်စိုက်ကြည့်နေ၏။ ခေါင်းထဲ၌ စနစ်ကျသော စိတ်ကူးဟုမရှိ။ ဝိုးတိုးဝါးတားဖြစ်နေရာမှ တဖြည်းဖြည်း အကြောင်းကြီးနှစ်ချက်ကို တွေးမိပြန်

mgyoe.com

mgyoe.com

၏။ ပထမ မက်ဖီလစ်နှင့် တွေ့ကြရပုံ၊ ဒုတိယ ဤနေ့ညသည် အိပ်ရာဝင် အိပ်ရန် ပိုက်ဆံမရှိပုံတို့ဖြစ်လေသည်။

ဂျီပိုက ထိုင်ရာမှထ၍ တောင်မြောက်လေးပါးကြည့်ကာ အကြောင်းကြီးနှစ်ချက်ကို ရှင်းလင်းတော့ဆိုင်ရန် စိတ်ကူးတစ်မျိုး ထုတ်ပြန်၏။

ထိုအခိုက် ရှာနဟန်ဆိုသူ ဂျီပိုမိတ်ဆွေ စာရေးတစ်ယောက်မှာ အရက်မူး၍ ထူမရအောင်ဖြစ်ကာ ယိုင်တိုင်တိုင်နှင့် ဂျီပိုအနားမှာကပ်၍ ဂျီပိုမျက်နှာကို မျက်မှေးဖြင့်ကြည့်လျက် ထမင်းစားခန်းထဲက ထွက်သွားလေ၏။ ရှာနဟန်သည် ဂျီပိုအား ပိုက်ဆံတစ်ကျပ်တစ်ပြားတောင်းလျှင် မငြင်းမဆန်ဘဲ ချေးငှားလေ့ရှိသူဖြစ်၏။ ယနေ့ ရှာနဟန်မှာ ဟန်မရအောင်မူးသဖြင့် သူ့ဆီက ဂျီပိုမှာ ဘာမျှမရရှိလိုက်ချေ။ တစ်သျှီလင် လောက်ရလျှင် တော်စွ၊ အိပ်ရာဝယ်အိပ်နိုင်၏။ နံနက်စာဝယ်စားနိုင်၏။ တစ်ပဲနီမျှ မရလိုက်သဖြင့် ဤနေ့ညသည ခွေးကတက်မှာ အိပ်ရမလား၊ အိပ်လျှင် ပုလိပ်ဆွဲမည်၊ မအိပ်ဘဲ လမ်းလျှောက် သလားနေရမလား၊ ဂျီပိုမှာ မထွေးနိုင်မအန်နိုင် ဖြစ်နေ၏။

အိပ်ရာဝယ်ရန်နှင့် နံနက်စာစားရန်အတွက် ကမ်းမမြင်၊ လမ်းမမြင် ချေ။ ဂျီပိုမှာ လောလောဆယ် ရှေ့ရေးကြောင့် ရတက်ပွေနေလေ၏။

ဂျီပိုမှာ ဟိုတယ်ရုံထဲက ထွက်သွားလေ၏။ ဘီ–လမ်းအတိုင်း လျှောက်သွားလေ၏။

လမ်းလျှောက်နေစဉ် ဘောင်းဘီအိတ်ထဲ လက်ဖက်နှစ်ဖက်ထည့် ကာ ခေါင်းစိုက်စိုက်နှင့် လျှောက်သွား၏။ ဖိနပ်လေးလာသဖြင့် ခြေ တရွတ်သီဆွဲကာ လျှောက်လေ၏။ သူ့မျက်လုံးမှာ မြေကြီးကို ကသိုဏ်းရှု နေ၏။ သူ့နှုတ်ခမ်းက ထော်နေ၏။ သူ့ခေါင်းပေါ်က ဦးထုပ်စုတ်ပြဲမှာ သူ့ထိပ်ကို မလုံ့တလုံနှင့် ဖုံးထား၏။ လေရူးလေသရမ်း၍ သူ့ကိုယ်တော်

mgyoe.com

mgyoe.com


တန်ဆေးများ ဗရပွာဖြစ်သွားလျှင် ဂျိုပိုက နှာရောင်ရှုံ့ကာ ဒေါသဟုန်းဟုန်း ထလိုက်လေသတည်း။

လမ်းတစ်လျှောက်၌ ရုပ်ဆိုင်၊ ဖိနပ်ဆိုင်၊ ဦးထုပ်ဆိုင်များကို တွေ့ရ၏။ မီးထိန်လင်းကာ ထွန်းညှိ၍ ရောင်းကုန်များကို မှန်နောက်မှာ ခင်းကျင်းထား၏။ တွေ့မြင်ရသူ ဂျိုပိုမှာ သွားရည်ယိုမိ၏။ သူ့မွဲတေစုတ်ပဲ့၊ ဆင်းရဲငတ်မွတ်သောအခြေကို သိသည်ထက် သိလာ၏။

ရောင်းကုန်များကို မျက်လုံးကျွတ်မတတ် ပြူးကြည့်နေ၏။ သူ့စိတ်ထဲမှာ အစိုင်အခဲကြီးဖြစ်ပေါ်လာကာ ကမ်းနားဘက်သွားသော လမ်းကြားထဲသို့ ဖွတ်ဆက်သွားလေသတည်း။ မြစ်ကမ်းနားသို့ ရောက်သောအခါ မြစ်ကမ်းနားတံတိုင်းပေါ် လက်တင်မေးထောက်ကာ ရေနက်ထဲတံတွေးဟက်ထွေးပစ်လေ၏။ ရေထဲ ကသိုဏ်းဝန်းကြည့်ကာ စဉ်းစားနေ၏။

ဂျိုပိုက မက်ဖီလစ်နှင့်တွေ့ပုံ၊ ညအိပ်ရာ ဝယ်မအိပ်နိုင်ပုံအကြောင်းများ ဆက်စပ်ကာ ပြန်တွေးမိ၏။ မက်ဖီလစ်ဟာ လွန်ခဲ့တဲ့ အောက်တိုဘာလက ယာရှင်အသင်းအတွင်းရေးမှူး သတ်တဲ့လူ၊ သူ့ကို ပုလိပ်လိုချင်နေတယ်။ ပုလိပ်လိုက်နေတယ်။ ဂျိုပိုခေါင်းထဲမှာ စိတ်ဘီလူးဝင်လာ၏။ ဂျိုပိုမှာ တောမီးလောင်ထားသော သစ်ငုတ်တိုကဲ့သို့ မလှုပ်မယှက်နေ၏။

အသံဗလံပေါ်လာလျှင် ဂျိုပိုမှာ လန့်တန့်တန့်အမူအရာဖြင့် ဘေးပတ်လည် လှည့်ကြည့်၏။ လေကို ပြင်းစွာရှူရှိုက်ကာ မျက်လုံးဖွင့်လိုက်၊ ပိတ်လိုက်လုပ်နေ၏။ ရေကို ကြည့်နေပြန်၏။ ဤသည်နှင့် နာရီဝက်ကုန်လွန်သွားပြီ။ ဂျိုပို ထောက်ထား၍ ညောင်းနေသောလက်ကို ဆန့်တန်းလိုက်၏။ ဝါးခနဲ သမ်းလိုက်၏။ လက်များကို ဘောင်းဘီအိတ်ထဲ သွတ်လိုက်၏။ မြေကြီးပေါ်စိုက်ကြည့်ရင်း (ယခင်ကအတိုင်း) ဖြည်း

mgyoe.com

mgyoe.com


ဆေးစွာ လမ်းလျှောက်သွား၏။ မြစ်တံတားထက် ဖြတ်ကူးသွား၏။ မြစ်တစ်ဖက်လမ်းပေါ် လျှောက်သွား၏။ လျှောက်သွားရင်း လမ်းညာဘက် ထောင့်ချိုး အုတ်တိုက်ကြီးတစ်ခုမှာ ထိန်လင်းသောမီးအိမ်ကြီး တိုက်ရှေ့ တံခါးပေါ်မှာ ချိတ်ဆွဲထား၏။ ဤကား ပုလိပ်ဂါတ်ဌာနာဖြစ်၏။

တစ်ခဏတာမျှ ဂျိုပိုသည် ဂါတ်ရှေ့က မီးအိမ်ကြီးကို စိုက်ကြည့် နေ၏။ တစ်မိနစ်မက ကြာလေသည်။ ထို့နောက် ဂျိုပိုပါးစပ်က "ဟာ" ဟု လွှတ်ခနဲထွက်သွား၏။ ထိုနောက် ဂျိုပိုက ဆားပတ်လည်ကို မသကာ သောမျက်လုံးများဖြင့် ကပျာကယာ လျှောက်ကြည့်၏။

လမ်းတစ်လမ်းလုံး ဆိတ်နေ၏။ လူရိပ်မမြင်ရ၊ မိုးတဖွဲဖွဲကျနေ ၏။ ဂျိုပိုက လမ်းအခြေအနေကို အကဲခတ်ကြည့်၏။ ထို့နောက် ပုလိပ် ဂါတ်ရှေ့တံခါးပေါ် ချိတ်ဆွဲထားသော မီးအိမ်ကြီးကို မျက်လုံးလည်လာ ကာ စိုက်ကြည့်လေ၏။ ဂျိုပိုက သက်မကြီးချလိုက်ကာ တဖြည်းဖြည်း ခြေမသယ်ချင်သယ်ချင်ဖြင့် မီးအိမ်ဆီသို့ တိုးကပ်သွားလေ၏။

ဂါတ်လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် အသံမကြားရ အောင် ဖြည်းညင်းစွာ တက်သွားပြီးနောက် ဂျိုပိုက ဆောင်းဘီအိတ်ထဲက လက်တစ်ခုမှ မထုတ်ဘဲနှင့် ခြေဖြင့် ဂါတ်ရှေ့(စပရိမ်)တံခါးကို ခြေဖြင့် ကန်ဖွင့်လေ၏။ တံခါးပွင့်သွား၍ တံခါးဝင်ဝင်ချင်း၌ ပုလိပ်ကြီးတစ် ယောက်မှာ ညဝတ်ညစားနှင့် လက်စွပ်အိတ်စွပ်နေလေ၏။ ဂျိုပိုက ပုလိပ် ကြီးရှေ့မှာရပ်ကာ ကြက်သေသေကာ စိုက်ကြည့်၏။

လေးနက်သောအော်သံဖြင့် "ယာရှင်အသင်းက ဖရန့်စစ်ဂျိုဆက် မက်ဖီလစ်နှင့် ပတ်သက်တဲ့သတင်း ပေးပို့နိုင်သူအား ပေါင် ၂၀ ဆုပေး မယ်ဆိုတဲ့အတွက် ပေါင် ၂၀ လာယူခြင်းဖြစ်ပါတယ်" ဟု ဂျိုပိုက ပြောလေ၏။

□

mgyoe.com

mgyoe.com

# အခန်း (၂)
# ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း

၇ နာရီနှင့် ၃၅ မိနစ်အလွန်မှာ မက်ဖီလစ်သည် တစ်(တ်)လမ်း သူ့အဖေအိမ်မှ ကိုယ်လွတ်ထွက်ပြေးစဉ် သူ့ကိုယ်သူ သေနတ်နှင့် ပစ်သတ်လိုက်၏။

မက်ဖီလစ်အိမ်ကို စုံထောက်စာသင် မက်ကာသီနှင့် ပုလိပ် ၁၀ ယောက် ဝိုင်းမိ၏။ အိမ်နောက်ဖေး အိမ်သံတိုင်တံခါးကို လက်တစ်ဖက်က ကိုင်တွယ်ကာ မက်ဖီလစ်သည် မက်ကာတီအား သေနတ်နှစ်ချက် ဆင့်ပစ်ရာ မက်ကာသီပခုံးမှာ ဒဏ်ရာကြီးစွာ ရရှိသွားလေ၏။ မက်ဖီလစ်က ဆက်လက်ပစ်ခတ်မည်ပြုရာ အိမ်ခန်း သံတိုင်တံခါး ကိုင်ထားသောလက် ချော်၍ သေနတ်ပြောင်းဝနှင့် သံတိုင်ရိုက်မိရာ သေနတ်မောင်း ပြုတ်ကာ ကျည်ဆန်သည် အပေါ်ထွက်သွားပြီးလျှင် ခေါင်မိုးထိကာ မက်ဖီလစ်လည်ပင်းမှဝင်၍ ဦးနှောက်ကနေ ထွက်သွားလေသတည်း။ မက်ဖီလစ် အိမ်အောက်လဲကျသွားလေ၏။

အိမ်နောက်ဖေး လိမ္မော်သီးသေတ္တာကြီးပေါ်တွင် လဲနေသော မက်ဖီလစ်အား ပုလိပ်များ ဆွဲထူကြည့်ရာ မက်ဖီလစ်ကိုယ်မှာ အသက်မရှိတော့ပေ။



mgyoe.com

mgyoe.com

## အခန်း (၃)
## မြင်းဖြူနှင့် မာယာ

၈ နာရီနှင့် ၂၅ မိနစ်အလွန်မှာ ဂျီပိုသည် ပုလိပ်ဌာနာ နောက်ဖေး ပေါက်မှ ထွက်လာခဲ့၏။ ။သူ့အိတ်ထဲ၌ မက်ဖီလစ်အတွက် သတင်းပေး သူ ဆုပေါင် ၂၀ ပါလာလေ၏။

ဂျီပိုက ခပ်သုတ်သုတ်ကလေး လမ်းကြားမှတစ်ဆင့် လမ်းကျဉ်း ကျဉ်းမှောင်မှောင်ထဲသို့ လျှောက်သွားလေ၏။ လူရိပ်လူခ မတွေ့ရသော် လည်း ခြေသံလိုလို ကြားသဖြင့် ဂျီပိုမှာ ကြောက်အားပိုလာကာ နီးရာ အိမ်လှေကားထစ်တစ်ခုသို့ ပြေး၍ တံခါးကြားတစ်ခုမှာ ဝင်ပုန်းအောင်း လေ၏။ တံခါးကြားမှ လမ်းကျဉ်းတစ်လျှောက်ကိုပင် လှမ်းမျှော်ကြည့် မြင်နိုင်၏။ ဂျီပိုကြားရသောခြေသံမှာ မက်ဖီလစ်အား သစ္စာဖောက်ကာ သတင်းပေးသူအဖြစ်ဖြင့် ပထမအကြိမ်ကြားရသော လူသံဖြစ်လေသည်။

ဖတ်... ဖတ်... ကျွီ... ကျွီနှင့် ခြေသံမှာ ပေါ်မြဲပေါ်နေ၏။ ဂျီပိုမှာ တံခါးကြားမှ ကြောက်ဒူးတုန်နေ၏။ တန်တော့ ငါ့နောက် တကောက် ကောက်လိုက်နေပြီ၊ ငါ့ကို သတ်တော့မှာလား၊ ငါ့အကြောင်းတွေ သိကုန် ပြီလား။ ဂျီပိုမှာ နဖူးကချွေးများကို လက်ကိုင်ပဝါဖြင့် ထုတ်သုတ်ရင်း တွေးလေသတည်း။ မိနစ် ၉၁ လောက်တုန်းကမူ ခြေသံ၊ လူသံကြား၍ ကြောက်ရွံ့ခြင်းမရှိ၊ သတိပင်မထားမိချေ။ သို့သော် ယခု ချွတ်နင်းဖြင့်

mgyoe.com

mgyoe.com


တဖြည်းဖြည်း နီးကပ်စွာ ခြေနင်း နင်းလာမှုကား ဂျီပိုအသည်းကို အပ်နှင့်ဆွသလို ယားကျိကျိဖြစ်စေ၏။ အသည်းတုန်စေ၏။ ရင်တလှပ်လှပ်ဖြစ်ပေါ်စေလေသည်။

ခြေသံ နီးသည်ထက် နီးကပ်လာလေ၏။ ဂျီပိုသည် တံခါးကြားမှ တစ်ကိုယ်လုံး ပုဝင်အောင်းနေလေ၏။ အသက်ဘေး၊ အသက်ဘေး၊ လူသည် သေရမှာကြောက်၏။ ခြေသံမှာ ဂျီပိုပုန်းနေသော လှေကားထစ်ဝ ရောက်လာလေ၏။ လူရိပ်မည်းမည်းသဏ္ဌာန် ပေါ်လာ၏။ ဂျီပိုက တံခါးသို့သာ တိုးကပ်ခွေနေ၏။ တစ်ယောက်တည်း ရေရွတ်ပြောသံပေါ်လာလေ၏။ ဂျီပိုက နောက်လှည့်ကြည့်လိုက်ရာ လား...လား... အတန်းထဲက အညံ့စား ပချုပ်သည်မကြီးမျက်နှာ ပေါ်လာ၏။ ဂျီပိုက ကိုယ့်ကိုယ်ကိုယ်ရှက်၍ ရှက်ရမ်းရမ်းကာ ရုတ်ခြည်းထ၍ ဆဲရေးကာ မှောင်ရိပ်မှ ထွက်ခွာလာလေ၏။ ပချုပ်သည်သည် ရှေ့ကနေသွားနေ၏။ ဂျီပိုက သူ့ရှေ့ကို ကျူးလွန်ဖြတ်သန်းသွားသောအခါ ထွီခနဲ တံတွေးထွေးသံကြားလိုက်၏။ ဂျီပိုက အမှုမဲ့အမှတ်မဲ့နေကာ လျှောက်သွားမြဲတိုင်းသွားလေ၏။ အတိတ်နိမိတ်ပြသလား၊ ဂျီပိုမှာ မိမိနောက်မှ တဖတ်ဖတ်ရေထဲနင်းကာ လျှောက်လိုက်လာသောခြေသံကို နားထောင်ရင်း ရှေ့ကိုသာ သုတ်ခြေတင်သွားလေသတည်း။

ဂျီပိုမှာ ဦးတည့်ရာသို့ လျှောက်သွားလေ၏။ ခြသေ့်ပေါ်များသော တောနက်ကြီးထဲ လျှောက်သွားနေသူနှင့်တူ၏။ လမ်းကွေ့ရောက်၍ လမ်းမကြီးပေါ် လျှောက်သွားစဉ် လူတွေကို ပက်ပင်းမှာ ရင်ဆိုင်တွေ့၏။ ဂျီပိုမျက်စိထဲ၌ လူများက သူ့အား မျက်လုံးကြီးများဖြင့် ပြူးကြည့်နေသည်ဟု မှတ်ထင်နေကာ တစ်ယောက်တည်း ကျိန်ဆဲမိလေ၏။ ငါဘာကြောက်ရမှာလဲ၊ ငါသွားနေကျလမ်းတွေပဲ။ ငါ့ ဘယ်သူက လာစော်ကား နှောင့်ယှက်ရမှာလဲ။ ဂျီပိုမှာ အံကြိတ်ကာ လက်သီးကို တင်းမာစွာ

mgyoe.com

mgyoe.com


ဆုပ်ကိုင်မိလေ၏။ ဂျိုပိုသည် သူ့အား ရန်စသူကို အသေထိုးရန် စိတ်ပိုင်းထား၏။ သူ့ကိုယ်အားနှင့် သူ့ဗလကြီးကို သူသတိရလာသောအခါ သူ့မှာ စိတ်၏သက်သာခြင်း ရလာလေ၏။ ဘောင်းဘီအိတ်ထဲသို့ လက်နှစ်ဖက်စလုံးနှိုက်နိုင်လာပြန်ပြီ။ ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားဟု စိတ်ထားမျိုး တွေးနိုင်လာပြန်ပြီ။ ဂျိုပိုမှာ မီးရောင်တဝင်းဝင်းလျှပ်နေသော လမ်းမတော်ထဲသို့ ပင်လယ်ကူးသင်္ဘောမှ ဆင်းလာခါစ သင်္ဘောသားစတိုင်မျိုးနှင့် လျှောက်သွားလေသတည်း။

ဂျိုပိုသည် အရက်ဆိုင်တစ်ခုကိုတွေ့ရာ တိုးဝင်သွားလေ၏။ ဟနေသော ဆိုင်တံခါးကို ဘောင်းဘီအိတ်ထဲက လက်မထုတ်ဘဲ ခြေနှင့်ကန်ဖွင့်လိုက်၏။ ဂါတ်ကို သတင်းပေးသွားရာ၌ ပြုလုပ်သော နည်းအတိုင်းပင်ဖြစ်၏။ အရက်ပုလင်းတွေစီ၍ အရက်ပုလင်း တဖောင်ဖောင်ဖောက်ရောင်းနေသော "ဘား" သို့သွား၍ "ဘီယာ" ဟု ဂျိုပိုက တစ်ပေါင်တန်ငွေစက္ကူကို "ကောင်တာ" ပေါ်သို့ ပစ်တင်ကာ လက်ဝါးပြားကြီးဖြင့် ကောင်တာကိုပုတ်ရင်း အော်ပြောလေ၏။ အရက်ရောင်းသမားကလည်း ပြုံးရယ်ကာ ဘီယာတစ်ခွက်ထည့်၍ ထိုးပေးလေ၏။ ဂျိုပိုမှာ သပြေသီးမှည့်ရောင်ထနေသော အမြှုပ်တစီစီ ဘီယာခွက်ကို ပါးစပ်မှာ တေ့မနေတော့ဘဲ တကျိုက်ကျိုက်နှင့် အာစောက်သောက်ချလေ၏။ တစ်ချီ "မော့" ပြီး၍ နောက်တစ်ချီ "မော့" ရန်အတွက် ခွက်ကို ထိုးပေးရာ အရက်ရောင်းသမားကြီးက ထပ်မံ၍ ချိုချိုသာသာပြုံးရယ်ကာ ဘီယာခွက်နှင့် ပေါင်တစ်ပေါင် စက္ကူလဲပေးသော အကြွေများကို ဂျိုပိုအား လှမ်းပေးလေ၏။ ဂျိုပိုကလည်း ပိုက်ဆံအကြွေများကို အိတ်ထဲထည့်ပြီးလျှင် ဘီယာခွက်ကိုကိုင်ကာ တိုင်ထောင့်တစ်ထောင့်မှာ သွားထိုင်လေ၏။ ဂျိုပိုမှာ "အကြံကုန်၍ ဂဠုန်ဆားချက်" ဖြစ်ချေပြီ။ ဘီယာတန်ခိုးဖြင့် အကြံသစ်ဉာဏ်သစ် ရှာဖွေလေ၏။

mgyoe.com

mgyoe.com


ဒုတိယဘီယာခွက် "တော့" နေစဉ် ဂျီပိုမှာ အသောက်ရဲဘော် အလုပ်ရဲဘက် မက်ဖီလစ်ကို ပြေး၍ သတိရမိ၏။ "အင်း... ဖီလစ်ရှိရင် အကြံပေးတာပဲ၊ အစီအစဉ်တွေဆိုရင် သူ တစ်မုဟုတ်ချင်း စီစဉ်တာပဲ" ဂျီပိုက ဖီလစ်မရှိသဖြင့် အကြံအစည်ထုတ်ရာတွင် ခဲယဉ်းကြောင်း ထင်ရှားစွာ သိလာပြန်လေ၏။ မက်ဖီလစ်မရှိ၍ "ငါဘာလုပ်ရမလဲ" အကြံမှာ ခေါင်းထဲမှာပေါ်မလာချေ။ ဂျီပိုက ဒုတိယ ဘီယာအကုန် သောက်ချပြီးလျှင် "ဝီစကီ" အကူအညီတောင်းရချေပြီ။ "ဟေ့... ဝီစကီ၊ မြင်းဖြူကွယ့်၊ မြင်းဖြူစီးချင်တယ်" ဟု ဂျီပိုက မျက်ခွံကြီးလန်ကာ အာခေါင်ဟကာ အသံနက်ကြီးဖြင့်အော်လေ၏။ အရက်ရောင်းသမားသည် တတိယမွှိ ရောင်းရမည့်အတွက် မျက်နှာချိုသွေးကာ ဂျီပိုဆီသို့ ခွက်ကို လာမယူတော့ဘဲ ခွက်သစ်ထဲမှာ ဝီစကီနှင့် ဆော်ဒါရော၍ ထည့်လေ၏။ "ခပ်လေးလေးကွယ့်" ဟု အရက်ရောင်းသမားလက်ကို စိုက်ကြည့်နေသော ဂျီပိုက လှမ်းအော်ရာတွင် အရက်ရောင်းသမားက ဝီစကီ နောက်တစ်ထပ် ရောင်းရပြန်လေ၏။

ဝီစကီခွက်သည် အမြုပ်ကလေးတစီစီနှင့် ပယင်းရောင်ဝင်းကာ လက်ကာနှင့် ဂျီပိုရှေ့တော်မှောက်ဝယ် စံပယ်နေပေပြီ။ ဂျီပိုမှာ နံရံကို စိုက်ကြည့်ရင်း "မြင်းဖြူ" ကို ဖြည်းညင်းစွာ "ဖိမ်" ခံပြီး နေလေ၏။ ဝီစကီခွက်ပြည့်မှာ လက်သုံးသစ်လောက် ကျန်ရစ်တော့၏။ ဂျီပိုမှာ ဘာကိုမှ စဉ်းစားလို့မရသေး။ ခေါင်းရှုပ်၍သာနေ၏။ မက်ဖီလစ် သူ့အဖေ၊ သူ့အမေ၊ သူ့နှမကလေး၊ အစည်းအရုံးကလူတွေ၊ ပုလိပ်တွေကို သာ မြင်၍မြင်၍သာ နေချေ၏။ ဝီစကီလက်ကျန်ကို အကုန်စွတ်ပြီး တစ်ချီတည်းမော့ချတော့မည့်အလုပ်တွင် ပေါင်ဒါနံ့နှင့်အတူ မိန်းမသံ ကလေး ပေါ်လာလေ၏။ ဂျီပိုက လှည့်ကြည့်ရာ "ဖောက်သည်ကြီး" ကေတီကို ဖြုန်းခနဲ မြင်လိုက်ရလေ၏။ ကေတီမှာ ဘုမသိ၊ ဘမသိ၊

mgyoe.com

mgyoe.com


ဘာမပြော၊ ညာမဆိုဘဲနှင့် ဂျီပိုနား ကပ်ထိုင်လိုက်လေ၏။ ဂျီပိုလက်က ဝိစကီခွက်ကို လှမ်းဆွဲ၍ စားပွဲပေါ် တင်ထားလိုက်လေ၏။ ဂျီပိုမှာ ကေတီအနားမှာ ကပ်ထိုင်လိုက်ရာ ဖြုန်းခနဲ သွေးလန့်ကာ ထလိုက်ရာ ကေတီအား တံတောင်နှင့် တွက်မိလေ၏။

"ဘယ့်နှယ်လဲ ဂျီပို၊ တိုင်းပြည်သာယာရဲ့လား ကိုယ့်လူ" ဟု ကေတီက တံတောင်နှင့်တွက်မိသော ခါးကလေးကို လက်တစ်ဖက်ဖြင့် ဖိအုပ်ကာ ခါးကိုင်းရင်း ခွန်းစလိုက်ပြီးနောက် "တော်တော်၊ "ထို" နေ မှတ်တယ်" ဟုပြောလေရာ...။

ဂျီပိုမှာ ကေတီအား စိုက်ကြည့်ရင်း သူ့မျက်လုံးကြီးထဲ၌ ကေတီရုပ်နှင့် ပုလိပ်ငတ်၊ ပုလိပ်စားနှင့် လူရုပ်တို့ ယှဉ်ပြိုင်ကာ ပေါ်နေ၏။ ဂျီပို ရင်မှာ တလှပ်လှပ်ခုန်နေ၏။ ဇောချွေးများပြန်လေ၏။ ထိုနောက် ကေ တီတစ်ယောက်တည်းသာ သူ့အနားမှာ ထိုင်နေကြောင်းကို ရှင်းရှင်းလင်း လင်းကြီး သိမြင်လာမှ သက်ပြင်းကြီးချကာ မျက်နှာပိုးသတ်၍ စားပွဲမှာ ပြန်ထိုင်ချလိုက်လေသတည်း။

"ဟလို... ကေတီ၊ မင်းက ဖြုန်းခနဲချည်းကို၊ ဒီလို ကပ်ထိုင်မချရ ဘူးကွယ့်၊ ခါတိုင်းလိုအော်ပြီး အသံပြုပါလား" ဟု ဂျီပိုမှာ ချော်လဲရော ထိုင်သဘောမျိုးဖြင့် ကေတီကို ကြိမ်းရင်း မေးလေ၏။

ကေတီကလည်း ထိုင်ရာမှထလိုက်ကာ ခါးကလေးညွတ်အောင် လက်နှစ်ဖက်ထောက်ကာ နှုတ်သီးကောင်းလျှာပါးနှင့် ရန်တွေ့ရန် ဟန် ပြင်ရလေ၏။ ကေတီဝါသနာမှာ လူမွဲရပ်ကွက်စရိုက်အတိုင်း မထီလေးစား မခန့်တရန့်ပြုလုပ်ခြင်းဖြစ်၏။ ကေတီ... ကေတီ...

ကေတီမှာ လူမွဲ အနုတ်အစုတ်၊ ပလုပ်စုတ် လောကကြီးထဲမှာ မွေး၍ ကြီးပြင်းကာ လူလားမြောက်လာခဲ့၏။ ကေတီဖခင်သည် မြူနီ စီပယ်ကော်ပိုရေးရှင်းမှာ အလုပ်သမားအဖြစ်ဖြင့် လုပ်ကိုင်၏။ ကေတီ

mgyoe.com

mgyoe.com


မိခင်မှာ အစေခံဖြစ်၏။ ငယ်ရွယ်နုပျိုစဉ်က ကေတီမှာ ဘီစကွတ်မုန့် အလုပ်ရုံမှာ ဝင်ရောက်လုပ်ကိုင်၏။ ကေတီမှာ မိန်းမချောမိန်းမလှဖြစ်ခဲ့၏။ မုန့်ရုံမှာ တကုပ်ကုပ် နဖူးမှချွေးကျအောင် ဇာဘော်လီကုပ်ပြီ၊ ဂါဝန်ဖင်ပေါက်ဖြင့် လူနှင့် မဆံ့မပြဲ လုပ်ကိုင်ခဲ့၍ အလုပ်ရုံစနစ်ကို မုန်းတီးရွံရှာကာ မကျေနပ်ခဲ့ချေ။ ကေတီ နေလိုက်ရသော လောကကြီး စနစ်ကို မကျေနပ်ပေါင်းများ၍ နီးလည်းနီးစပ်သောကြောင့် ကေတီသည် ကွန်မြူနစ်ပါတီ အိုင်ရစ်တော်လှန်ရေး အစည်းအရုံးသို့ ဝင်လေ၏။

ယနေ့ပါနှင့်ဆိုလျှင် ခြောက်နှစ်ကြာခဲ့ပေပြီ။ ကေတီမှာ အစည်းအရုံးဝင်ဖြစ်သော်လည်း ဆင်းရဲသားမိသားဖသားပီပီ ဣန္ဒြေရရနှင့် မနေခဲ့။ သုံးကျောင်းပြောင်းသော ရဟန်း၊ သုံးလင်ရသော မိန်းမကဲ့သို့၊ တစ်လင်မကောင်း တစ်လင်ပြောင်း၊ တစ်ပင်လဲ တစ်ပင်ထူကာ တစ်ခါများပြီး နောက်တစ်ခါများ၍ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်ဘဲ တောင်စဉ်ရေမရ ဖြစ်ချင်ရာဖြစ်သွားလေ၏။ နောက်ဆုံး ကေတီဝင်ရောက်သော အစည်းအရုံးကပင် ဣန္ဒြေမဲ့သော ကေတီသည် "ကိုယ်နှင့် ရင်းနှီးစားကာ ပြည်ကြီးကို တန်ဆာဆင်သူ" ဟု စွဲချက်တင်ကာ အစည်းအရုံးမှ နှင်ထုတ်ပစ်လိုက်လေသတည်း။ ယခုအခါ ကေတီမှာ ဝိုင်းပယ်ခံရသော မိန်းမတစ်ဦးဖြစ်ချေပြီ။ အတန်းထဲရှိ "ကွိတ်" လူလောကသားများကလည်း ကေတီသည် အသောက်အစားကြူး၍ နှုတ်သီးကောင်း တာဝန်မဲ့ မိန်းမပေါ့ကြီးဟု သမုတ်ကြချေပြီ။

ကေတီကိုယ်ပေါ်မှာ ငယ်သွေးငယ်ရည်၊ ငယ်မူငယ်ရာများ ကျန်ရစ်ခဲ့သေး၏။ ကေတီမျက်ခုံး၊ မျက်လုံး၊ လက်ချောင်းနှင့် ဆံပင်နက်များမှာ နှစ်ကာလ စားသောက်ခြင်းခံကြရသော်လည်း ကြည့်ကောင်းလှသေး၏။ ကေတီပါးစပ်မှ ကိုးကင်းပွတ်ထားသောကြောင့် ထူပွအက်ကွဲနေ၍ ကျက်သရေမရှိ၊ မလှမပဉ္စာသော်လည်း အပျိုဘဝတုန်းက ဘေးကင်း

mgyoe.com

mgyoe.com


အောင်နေခဲ့ပုံ၊ အအိုဘဝရောက်၍ အလှဂုဏ်ရည် ပြည့်ဝခဲ့ပုံတို့၏ ဓမ္မတာသဘာဝ သိမ်မွေ့သောလက်ရာ အချိုးအစားများ ကြွင်းကျန်ရစ်ခဲ့သေးပေသည်။ ကေတီကလည်း ဖြူရော်ရော် နှုတ်ခမ်းထူကြီးကို အပေါ်စားနှုတ်ခမ်းဆိုးဆေးနှင့် ဆိုးထားသဖြင့် နီတွတ်တွတ်အရောင် လွင့်နေပေ၏။ နုပျိုသော အသက်အရွယ်ရှိသေးသည့် ကေတီမျက်နှာ၌ လောကဓံ နှိပ်စက်ခံရသော စိတ်ရောင်သန်းနေ၏။ ကေတီမှာ အရွယ်နှင့်မလိုက်အောင် နှစ်ဆ၊ သုံးဆ အိုမင်းရင့်ရော်၏။ ပိုင်၏။

ခါးကလေးထောက်၊ မေးကလေးရှေ့ထိုး၊ ခေါင်းငဲ့စောင်းကာ နှုတ်ခမ်းတလန်ပန်းတလန်နှင့် ရန်တွေ့တော့မည့် ကေတီကို ဂျိုပိုက စောင်းကြည့်နေ၏။

ကေတီက "ရှင် ကျွန်မနဲ့ မတွေ့ချင်ဘူး ဟုတ်လား၊ သူ့မျက်နှာထားကြီးက ကြည့်ပါလား။ ပိုက်ဆံကလေး တချွင်ချွင်ဆော်ရင် ဒီကောင်မကိုမေ့တာပဲ။ မနက်ကတုန်းက တွေ့တုန်းက တစ်မျိုး၊ ဒီကတောင် ထမင်းကျွေးလိုက်သေးတယ်၊ အို..." ဟု ရန်စတွေ့လိုက်ရာ ဂျိုပိုမှာ မနေတတ်မထိုင်တတ်ဖြစ်လာကာ...

"ဟဲ့ကောင် နင့်ဟာ ပိတ်ထားလိုက်ပါ။ ငါ... ငါ... နင့်ကို ဘာလုပ်သေးသလဲ၊ နင်က ဖြုန်းခနဲ ဝင်ထိုင်တော့ကာ နင် ဘာသောက်မလဲ" ဟု ပြန်အော်လေ၏။

ကေတီမှာ စိတ်ဆိုးပြေသွားကာ "ဂျင်ပေါ့ သောက်နေကျ" ဟု ဖြေကာ ဂျိုပိုမျက်နှာကိုသာ စိုက်ကြည့်နေလေ၏။

ကေတီနှင့် ဂျိုပိုတို့ ဆက်ဆံမှုကို စာတစ်လုံးတည်းဖြင့် ရေးမဖြစ်။ ကေတီမှာ ဂျိုပို၏ လက်ထပ်မယား မဟုတ်ငြားသော်လည်း မယားငယ်၊ အပျော်မယားဟူ၍လည်း မခေါ်ဆိုနိုင်ချေ။ သို့ရာတွင် သူတို့နှစ်ဦး ဆက်ဆံမှုမှာ အလိုအလျောက် မေတ္တာသက်ဝင်မှုနှင့် မကင်းသော လက်

mgyoe.com

mgyoe.com


ထပ်မယားနှင့် အပျော်မယား သဘောပေါက်လေသည်။ ကေတီသည် ဂျိုပို၏ ပျော်တော်ဆက်ကြီးဖြစ်၏။ ဖောက်သည်ကြီးဖြစ်၏။ ငတ်ဖော်၊ မွတ်ဖက်ကြီးဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသန်မာ၍ နှုတ်ငြိမ်က ထူအသောကြောင့် ဂျိုပိုကို ကေတီချစ်၏။ ကေတီ၏ အောက်တန်းလူမျိုးစား၏ "သွက်လက်မှု" က ထူအသော ဂျိုပိုလိုလူမျိုးကို အမြဲတမ်းဆွဲမွှေ့နိုင်၏။ ဂျိုပိုမှာ ပိုက်ဆံဖောဖောသီသီရှိလျှင် ကေတီနှင့် တွဲဖက်သုံးစွဲပစ်လေ့ရှိ၏။ ဂျိုပို "ဘိုင်တွန်" နေသောအခါ ကေတီက သူ့ခါးကြားထဲ လိမ်ထားသော ရှိစုမဲ့စုနှင့် လောကနိဗ္ဗာန် ထူထောင်ကြ၏။ အချုပ်,သူတို့နှစ်ဦးမှာ ရင်းနှီးသော မိတ်ကောင်းဆွေကောင်းကြီးများ ဖြစ်ကြလေသည်။

ခြောက်လလောက်တုန်းက အိုင်ရစ်(ကွန်မြူနစ်ပါတီ) တော်လှန်မှု အစည်းအရုံးက ဂျိုပိုကို ထုတ်ပစ်လိုက်၏။ (ဂျိုပိုနှင့် မက်ဖီလစ်ကို အစည်းအရုံးက ယာသမားသပိတ်ကိစ္စ ရွက်ဆောင်ပေးရန် ကိုယ်စားလှယ်များအဖြစ် စေလွှတ်လိုက်ရာ မက်ဖီလစ်က ယာရှင်အသင်းအတွင်းရေးမှူးကို သတ်လိုက်၏။ အစည်းအရုံးက အမိန့်မရဘဲ ထင်ရာလုပ်မှုကြောင့် သူတို့နှစ်ဦးကို အစည်းအရုံးမှ ထုတ်ထားလေသည်)။ အစည်းအရုံးကို မှီခိုစားသောက်သူ ဂျိုပိုမှာ ခိုကိုးရာမဲ့အဖြစ် ရောက်သွားလေ၏။ ကေတီတစ်ယောက်သာ ကယ်ဆယ်မည့်သူပေါ်လာ၏။ ဂျိုပို အလုပ်လက်မဲ့နှင့် သေမင်းကြားမှာ ကေတီ ဟန့်တားနေပေသည်။ ကေတီက ဂျိုပိုကို သူချစ်နည်းမျိုးဖြင့် ချစ်ခင်၏။ သာမန်အချစ်မဟုတ်ချေ။ ကေတီက ဂျိုပိုကိုချစ်သလောက် ကိုးရိုးကားရားများလည်းလုပ်၏။ ကေတီမှာ ဂျိုပိုကို "ချောက်" တွန်းလေ့ရှိ၏။ ဂျိုပိုကလည်း လူသာမန်ပီပီ ကေတီကို လူ့ဘဝ၌ မရှိမဖြစ်သော အရာဝတ္ထု အစားအသောက်တစ်ရပ်ဟု တထစ်ကျယူဆသေးသည်။ လူသည် အိမ်သာကို အညစ်အကြေးစွန့်ချင်သော

mgyoe.com

mgyoe.com


အခါကျမှ သတိရဘိသကဲ့သို့ ဂျီပိုက ကေတီကို အာသာပေါ်မှ သတိရရှိလေသည်။

"ဂျင်"အရက်ခွက်လာပေးသောအခါ ဂျီပိုက ကေတီကို အရက်ရောင်းသမားလက်မှတစ်ဆင့် လှမ်းပေးလေ၏။ ကေတီက "ဂျင်"ခွက်ကို တစ်ကျိုက်ပြီးတစ်ကျိုက် ဆေးလေးစွာ အရသာခံသောက်လေ၏။ ဂျီပိုက မယုံသင်္ကာသောမျက်စိဖြင့် ကေတီကို စောင်းမြှောင်းကြည့်လေ၏။

"မင်း ဘယ်ကနေပြီး ဒီလာရသလဲ" ဟု ဂျီပိုက မတင်မကျ ဘာမဆိုင်ညာမဆိုင်နှင့် မအုံမနွေး မေးမြန်းလေ၏။ ဂျီပိုမှာ "ငါ ဘယ်သူ့ကိုမှ မတွေ့ချင်ရတဲ့အထဲမှာ ကေတီနဲ့ လာတွေ့ရပြန်ပြီကော။ ငါ ပိုက်ဆံရှိတာသိရင် သူက ဘယ်ကရသလဲလို့ အစ်မှာတော့..." ဒေါသူပုန်ထနေလေ၏။ ဂျီပိုမျက်နှာမှာ နီမြန်းနေ၏။

ကေတီကမူ အရေးမစိုက်သည့်ဟန်ဖြင့် မျက်လုံးပြာကြီး ဝိုင်းကစားကာ "ဘာဖြစ်တာလဲဆရာ၊ ကိုယ်ဘာသာကိုယ်လာတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ၊ ကိုယ်တော်ဘုရားကြွလာမယ်၊ ကေတီမလာရဘူးလို့လည်း ဘယ်သူကမှ ကေတီဆီ 'နို့တစ်'မပေး၊ ဘယ်တရား၊ ဘယ်ဥပဒေကလည်း မတားမြစ်" ဟု ငေါ့လေ၏။ ကေတီကမူ ဝတ်လာသောကုတ်အင်္ကျီအနက်၏ ရင်ဘတ်ကြယ်သီးတစ်လုံးပြုတ်နေသဖြင့် ကြယ်သီးတပ်နေရာ သူ့သားမြတ်ကလေးမှာ အပျိုကလေးလို ဖောင်းအိရှုကာ အပေါ်ရင်သားမှာ ချပ်ကပ်နေပေ၏။

"ဒီမှာ ကေတီရဲ့" ဟု ဂျီပိုက စကားပြန်ရာ...

"တော်ပါ... တန်ပါ... ကိုဟဝါ၊ ရှင့်အကြောင်း ကေတီ သိရင်းစွဲပါ။ ငတ်လို့ပြတ်လို့ဆိုရင် မူတစ်မျိုး၊ 'ဂိုင်ဖော်' လာရင် မူတစ်မျိုး လက်ဖဝါးလိုပဲ။ ဂျီပို ရှင်ဟာ ဘာလဲဆိုတော့ ပြောပြရမှာလား။ ပြောမယ်... ပြောမယ်၊ ဟင်း... ရှင်ဟာ လူလိမ်၊ လူညာ၊ သစ္စာမရှိဘူး။ ကိုယ့်ဘက်

mgyoe.com

mgyoe.com


ကိုယ်ယက်တဲ့လိပ်၊ ဒီနေ့ကစပြီး ဆရာ နောက်ဆိုရင် ဘိုင်ကျရင် ကိုယ့်ဆီ မလာပါနဲ့" နုတ်ခမ်းထော်ကာ ငါးစိမ်းသည်ဇာတ် ခင်းလေသတည်း။

ဂျိပို၏ ဧရာမကိုယ်ကာယကြီးမှာ လှုပ်ရှားသွားလေ၏။ ဂျိပိုက ကေတီကို "အလဲ" ထိုးချင်သွား၏။ လက်သီးတစ်ချက် မိသွားလျှင် ကေတီ မေးရိုးပြုတ်နိုင်၏။ သို့သော် ဂျိပိုသည် မိန်းမကို မထိုးရိုက်ခဲ့ဖူးချေ။ မိန်းမကို နိုင့်ထက်စီးနင်းပြုလုပ်မည့် လူမျိုးစားလည်း မဟုတ်ချေ။ ဂျိပိုမှာ ကေတီကို ငြိုးငွေ့သွား၏။ ကေတီကို ရွံသွား၏။ ဂျိပိုမှာ ကေတီ စက်ကွင်းမှ လွတ်ကျွတ်သွားချင်၏။

"နင့်ပါးစပ်ပိတ်၊ တော်... တော်... ငါ ပိတ်လိုက်ရမှာလား။ နင့်ကို ငါ အရည်တိုက်နေတယ်မဟုတ်လား။ နောက်တစ်ခွက် သောက်ချင်သေး သလား"

ကေတီက ဂျိပို လေသံပြောင်းသွားသည်ကို သတိထားမိ၏။ ကေ တီအတွင်းစိတ်က ကေတီကို တစ်စုံတစ်ရာ ပြောလိုက်လေ၏။ ကေတီ က မျက်နှာပိုးသတ်ကာ မျက်နှာချိုသွေး၍...

"ဂျိပို၊ ခုနကပြောတာတွေ မေ့လိုက်ပါ၊ စိတ်မဆိုးပါနဲ့ အစ်ကိုကြီး ရယ်၊ (အသံတိုးတိုး၊ ဆွဲဆွဲငင်ငင်ဖြင့်) အဆင်မပြေတဲ့ လောကကြီးထဲမှာ၊ လူဟာ ဘာပြောမှန်းမသိ ပြောတတ်ပါတယ်။ ဆင်းရဲခြင်း၊ ငတ်ခြင်း၊ ဒုက္ခဖြစ်ခြင်း၊ ဒီဝဲထဲက မထွက်နိုင်ဘူး။ ဂျိပို အစ်ကိုကြီး၊ ကျွန်မ အကြောင်းကိုလည်း အကုန်အစင် သိပြီးသားပဲ။ ကျွန်မကို ဘယ် ယောကျ်ားကမှ မသနားဘူး။ ကျွန်မ ချုချာတော့ ကျွန်မကို 'ချိုး' ချင်ကြ တာပဲ။ ခုနက ဘာပြောမလို့လဲ၊ ဂျိပိုပြောလေ။ ကျွန်မတို့ နှစ်ယောက်စလုံး ဟာ တော်လှန်မှု အစည်းအရုံးဝင်တွေဆိုတော့ ဂေါ့(ဒ်)ကို အယုံအကြည် မရှိဘူး။ ဟား... ဟား၊ ဂေါ့(ဒ်)ရှိရင် သူ ဘာလုပ်နေသလဲ၊ ဟင်..."

ကေတီမှာ အသနားခံလိုက်၊ ထင်ရာ သရော်လိုက်နှင့် ရှိလေရာ...

mgyoe.com

mgyoe.com


"ကေတီ၊ နင် ဘာတွေ လျှောက်ရမ်းပြောနေသလဲ၊ ဂေါ့(ဒ်)ဟာ ဂေါ့(ဒ်)နေရာ နေပါလေ့စေ" ဟု ဂျီပိုက ဒေါသထွက်ကာ ကြိမ်းလေ၏။

ဂျီပို ဒေါပွသည်ကို ကေတီ ဂရုမစိုက်၊ ရီးလည်းရီးနေပေပြီ။ မျက်ခုံးကလေးချီ၊ ခေါင်းကလေးငဲ့ကာ နှုတ်ခမ်းကလေး စူစူတူတူလုပ်၍ "ဂျီပို ပိုက်ဆံတွေ ဘယ်ကရလာသလဲ၊ ပြောစမ်း... ပြောစမ်း၊ မနက်က တုန်းက ကိုယ်တော် ခါးထဲမှာ ပိုက်ဆံတစ်ပြားမျှ ပါမသွားဘဲ" ဖျတ်ခနဲ မေးလေလျှင်...

ဂျီပိုမှာ ပေါင်ပေါ် ဆေးလိပ်မီးစ ကျသွားသကဲ့သို့ ပျာပျာသလဲ လှုပ်ရှားသွားပြီးလျှင် ကြောက်ဖွယ်ကြီး၊ လန့်ဖွယ်ကြီးမျက်နှာဖြင့် ကေတီကို စိုက်ကြည့်လေ၏။ ကေတီကို မေးနေစဉ် ဂျီပိုမှာ ချော်လဲရောထိုင်ရန် အဖြေကောင်းရှာဖွေနေ၏။ ငါ စောစောစီးစီးက "စကင်း" ဆွဲထားရ ကောင်းသား၊ ကိုင်း... ခု သူမေးပြီ။ ငါ ဘယ်လိုလုပ်ဖြေရမလဲ။ ဂျီပိုမှာ အဖြေပေးရန် ကျပ်နေလေ၏။ ဂျီပိုက ထိုင်ရာမှ ရှေ့ကုန်းကာ အဖြေပေး တော့မည်ပြုရာ ပါးစပ်က စကားတစ်လုံးမျှ မထွက်ချေ။ ကေတီမှာ ဂျီပိုအပေါ်ဝယ် အထင်လွဲချေပြီ။

"ကိုင်း... ဖြေပါဆရာ၊ ဘာငိုင်နေသလဲ။ ဘယ်ဘုရားရှိခိုးကျောင်း ထဲ ရွှေထည်တွေ ခိုးပေါင်လာသလဲ၊ မန်းနီးတွေ တချွင်ချွင်နဲ့"

"ဟော့... တိတ်... တော်၊ (ကေတီနား တိုးကပ်ကာ) ငါ... ငါ ဘုရားရှိခိုးကျောင်းက မဟုတ်ဘူးကွယ့်။ အမေရိကန် သင်္ဘောသားတစ် ယောက်ဆီက သူနဲ့ငါနဲ့ ဂျာရမ်းလမ်းသွားရော၊ သူ့ဆီက လုယူလိုက် တာပေါ့။ မင်း ဒါကို ဘယ်သူကိုမှ ပြောမပြနဲ့နော်၊ ပြောရင် ဒါပဲ သိမယ်"

ကေတီက ဂျီပိုစကားပြောပြီးလျှင် ပုရစ်ကဲ့သို့ ဟက်ဟက်ပက်ပက် ရွှင်ရွှင်ကြီးရယ်လိုက်ကာ "ကျွန်မက ဘယ်သူ့သွားပြောရမှာလဲ၊ ကျွန်မကို ဘာထင်သလဲ အဘိုးကြီးကလည်း ပုလိပ်သတင်းပေးသူထင်သလား"

mgyoe.com

mgyoe.com


ဝင်စွက်လေ၏။

ဂျီပိုမှာ ပုလိပ်သတင်းပေးသူဆိုသော စကားကြားလျှင် တစ်ကိုယ်လုံး ချောက်ချားသွားကာ လက်ဝါးကြမ်းကြီးဖြင့် ကေတီ ဒူးတစ်ဖက်ကို တအားကုန်ဖျစ်ညှစ်ရင်း "ဘယ်သူလဲ၊ ပုလိပ်သတင်းပေးတဲ့လူ" ဟု မေးလေလျှင် ကေတီမှာ ဒူးနာသဖြင့် မျက်နှာရှုံ့မဲ့ကာ စကားမေးမရဘဲ ရှိလေ၏။

"အား... အား... နာလိုက်တာ၊ သေရော့ပေါ့၊ လွှတ်ပါ ဂျီပို၊ ချမ်းသာပေးပါ"

"ဘာလဲ၊ နင်က သတင်းပေးသူဆို၊ ဘယ်သူ့ကိုပြောတာလဲ" ဂျီပိုက ကေတီဒူးခေါင်းကလေးကို ညှစ်သည်ထက် ဖျစ်ညှစ်ရင်း အစ်မေးလေ၏။

"အမယ်လေး... နာလှချည်ရဲ့ လွှတ်ပါ၊ ဘယ်သူ့ကိုမှပြောတာ မဟုတ်ပါဘူး" ဟု ကေတီက ငယ်သံပါအောင် အော်လေ၏။

ဂျီပိုက ကေတီ့ဒူးကို လွှတ်လိုက်လေ၏။ အရက်ရောင်းသမားက ဂျီပိုတို့စားပွဲဆီလာလေ၏။ ဂျီပိုက ထိုင်ရာမှထ၍ အရက်ရောင်းသမားကို ရင်ဆိုင်လေ၏။ ကေတီက ကပျာကယာ သတိရပြီးလျှင် ဂျီပိုကိုယ်ကို ဖက်ရင်း...

"သွားစို့... ဂျီပို၊ ဒီကထွက်ရအောင်၊ ဘာနီ(အရက်ရောင်းသူ့နာမည်) ကိုယ့်လူ နည်းနည်း 'ထွေ' နေတယ်၊ သူ ဘာမှမလုပ်ပါဘူး၊ လာပါ... ဂျီပို" ပြောပြောဆိုဆိုနှင့် ဂျီပိုကို ကေတီက တွဲထုတ်သွားလေ၏။

အရက်ဆိုင်အပြင်ရောက်လျှင် ဂျီပိုက ကေတီကို ဖြုတ်ချလိုက်လေ၏။ ကေတီက ဂျီပိုချိုင်းအောက် လက်လျှိုကာ "လာ... ဘစ်ဒီဘတ်(စ်)တို့နေရာသွားရအောင်" ဟု ဂျီပိုနားနားကပ် အော်ပြောလေ၏။

ဂျီပိုတို့အရှေ့မှာ ဓာတ်မီးရောင်လွှမ်းသည့် လမ်းမတော်ကြီး

mgyoe.com

mgyoe.com


အလင်းရောင်နှင့် လူများ ထင်ထင်ရှားရှား သွားလာနေသည်ကို ဂျီပို ကြိုက်၏။ အနောက်မှာ ညစ်ပတ်နံစော်မည်းနက်သော လမ်းကျဉ်းကလေး ဂျီပို မနှစ်ခြိုက်ချေ။ ထိုလမ်းကျဉ်းမှဖြတ်၍ လူမွဲရပ်ကွက် ကွိတ်လောကကြီးထဲရှိသော ဘာစ်ဒီဘာစ်တို့ဟိုတယ်သို့ ကေတီက ဂျီပိုကို ဆွဲနေပေပြီ။ ဂျီပိုက ထိုလောကကိုမကြိုက်။ ထိုလောကထဲကလူတွေမှာ ဂျီပို မသိသူရှား၏။ ဂျီပိုသည် မှောင်ရိပ်လူရိပ်ကို ကြောက်၏။ မှောင်ရိပ်ထဲက လူတွေထွက်၍ သတ်မည်ထင်၏။ ဂျီပို စိတ်ချောက်ချားနေ၏။ သားရဲမရဲစီးနေ၏။ ရှေ့ကလမ်းမကြီးထဲ၌ သူစိမ်းနှင့် မီးအလင်းရောင် သလားနေကြ၏။ ဂျီပိုက ထိုလမ်းမ လျှောက်သွားရလျှင် ဘေးရန်ကင်းမည်ဟု စိတ်ထင်လေသတည်း။

"လာလေ... ဂျီပို"

"ဟော့... ငါ မလိုက်ချင်ဘူး၊ ငါ ဒီနေ့ ညအိပ်ဖို့ နေရာကောင်းရှာမယ်ကွ"

"ပိုက်ဆံရှိရင်တစ်မျိုး၊ အိပ်ရာရှာမယ်လေးဘာလေးနဲ့။ ကျွန်မအိပ်ရာကော ခါတိုင်း စက်တော်ခေါ်နေကျလေ"

"ဟော့... နင့်အိပ်ရာမှာ ငါမအိပ်ချင်ဘူး၊ ဘာစ်ဒီဘာစ်ဟိုတယ်လည်း မသွားဘူး"

"ကျွန်မအိပ်ရာမှာ လိုက်မအိပ်ချင်ဘူး၊ ဟုတ်စ၊ မနေ့ကည မိုးရေကြီးထဲကပြန်ပြီး ဝင်အိပ်တာကော မေ့ပလား"

"မရှုပ်စမ်းပါနဲ့၊ မင်း ငါ့အကြောင်း နားမလည်သေးပါဘူး"

"ကောင်းပြီ၊ ကိုယ့်မြင်းကိုယ်စိုင်းပေတော့" ကေတီမှာ သူနှင့် အိပ်စက်နေကျ ဂျီပို လိုက်မအိပ်သဖြင့် ဒေါနှင့်မောနှင့် ရှေ့ရွတ်ကာ ဂျီပိုဆီမှခွဲ၍ အနောက်ဘက်တစ်ခွင် လမ်းကျဉ်းမှောက်မိုက်ထဲ တိုးဝင်သွားလေ၏။ ဂျီပိုက ကေတီကို အော်ခေါ်ချင်၏။ ပါးစပ်က အသံမထွက်။ ဂျီ

mgyoe.com

mgyoe.com


ပိုက ကေတီကို ပိုက်ဆံအနည်းငယ် ပေးလိုက်ချင်၏။ ကျေးဇူးဆပ်ချင်၏။ နှုတ်မထွက် လက်မပါလိုက်ချေ။ ကေတီနောက်က လိုက်ပေးရန် စိတ်ကူးပြီးမှ ချာခနဲလှည့်ကာ အရှေ့လမ်းကြီးထဲ လျှောက်သွားလေ၏။ ဂျိုပိုမှာ တစ်စုံတစ်ခု ကြောက်မက်ဖွယ်ရာကို တွေးမိနေ၏။ ငါများ "ဘစ်ဒီဘစ်" ဟိုတယ်သွားရင် လူတစ်စုံတစ်ယောက်ဝင်လာပြီး မက်ဖီလစ်သေတာ ပုလိပ်သတင်းပေးတဲ့လူကြောင့်လို့ပြောရင် ငါ့အိတ်ထဲ ငွေတချွင်ချွင်ကြားရင် လူတွေ မသင်္ကာဖြစ်ရင် ဂျိုပိုမှာ ကိုယ့်ကိုယ်ကိုယ် မယုံမကြည်ဖြစ်နေလေတော့သတည်း။

ဂျိုပိုမှာ လမ်းမကြီးလျှောက်သွားရင်း ဈေးဆိုင်ကနားများ၊ သားသားနားနားပြင်ဆင်ထားသည်ကိုတွေ့လျှင် အနားကပ်ကြည့်၏။ ဓာတ်မီးလင်းလင်းအောက် မတ်တတ်ရပ်နေ၏။ ဂျိုပိုသည် ဝမ်းထဲက ကြောက်စိတ်ကို အမျိုးမျိုးနည်းဖြင့် ဖျောက်ဖျက်နေပေ၏။

ဂျိုပိုခေါင်းထဲမှာ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များသည် ကြောက်စိတ်နှင့် ရောနှောဝင်လာ၏။ ဂျိုပိုမှာ စိတ်ကူးယဉ်စပြု၏။ ငယ်ငယ်ရွယ်ရွယ်တုန်းက ပျော်ခဲ့၊ ပါးခဲ့ပုံတွေကို ပြေးသတိရရှာ၏။ စိတ်နောက်ကျိကျိဖြစ်သွား၏။ ငယ်ငယ်တုန်းက ဘဝနုပျိုကို ပြန်သွားချင်သောဆန္ဒကြီး ပေါ်လာ၏။ တော၊ နယ်၊ ရွာ၊ ယာခင်း၊ ကဲ... ကျန်းမာတောင့်တင်းသော ဖခင်၊ ပြုံးချို၍ မိမိ ဘုန်းကြီးလုပ်စေချင်သော မိခင်၊ ဂျိုပို စိတ်သူပုန်တော်ကြီး ခင်းနေပေပြီ။ ဂျိုပိုမှာ နောင်တရနေပြီ။ မနေ့က တွေ့ရသည်ကို လုပ်ရသော လွန်လေပြီးသော ဘဝသစ်သို့ ရော်ရမ်းနေမိလေသတည်း။

တွေးတော လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းနေစဉ်တွင်ပင်တည်း။ ဂျိုပို ပါးနှစ်ဖက်မှာ စွတ်စိုနေသည်ကို သတိထားမိလေသည်။ ဂျိုပိုမှာ လန့်သွား၏။ ၎င်း၏ မျက်စိနှစ်လုံးမှ မျက်ရည်များ တလိမ့်လိမ့် ယိုစီး

mgyoe.com

mgyoe.com


ဆင်းကျနေ၏။ "ကိုယ်တော်ကြီး သတိထားတော်မူပါ" ဟု ပြောမည့်သူ၊ ကဲ့ရဲ့သူမရှိ။ ၎င်းမှာ ကိုယ်အတွေးနှင့်ကိုယ်လွမ်း၊ ကိုယ့်ဘဝကိုယ် နှောင်တရနေ၏။ လေအဟုန်ရှေ့မှာ ဆီမီးခွက်ထဲက မီးတောက်ပျောက်လွင့်သွားဘိသကဲ့သို့ အချိန်ကြီးရှေ့မှာ ၎င်း၏ လူငယ်ပျိုမျစ်ဘဝမွန် ပျောက်ကွယ်သွား၏။ ၎င်းမှာ ပစ္စုပ္ပန်ဘဝနှင့် တိုးနေရပေပြီ။ ခက်တရော် ကြမ်းတမ်းသော လက်ငင်းဘဝကြီးထဲသို့ ရောက်နေကြောင်းကို သတိထားမိလေ၏။ ၎င်းမှာ မျက်ရည်သုတ်ရင်း ရေရွတ်မိ၏။ ထို့နောက် ပါးစပ်ပိတ်လိုက်၏။ သက်ပြင်းကြီးမှုတ်ထုတ်လေ၏။ ဆေးအိတ်ထဲ လက်နှစ်ဖက်ထည့်ကာ ခေါင်းငိုက်စိုက်နှင့် ရှေ့ဆက်လက် လျှောက်သွားလေ၏။

"ငါ အစီအစဉ်တစ်ခုလုပ်ဦးမှ" ဟု တစ်ကိုယ်တည်း ထပ်မံရေရွတ်လေ၏။

မက်ဖီလစ်ကို သတင်းပေးသူမှာ မိမိဖြစ်ကြောင်းကို တော်လှန်မှုအစည်းအရုံးက သိရှိပေပြီဟု ဂျိုပိုက တထစ်ချ ယုံကြည်မိ၏။

"ငါ့ကို အစည်းအရုံးကလူတွေ လိုက်နေပြီ၊ မိရင် အသတ်ပဲ။ ငါ့မှာ အစီအစဉ် အဖြေရှိမှ တကယ်မိရင် အဖြေကောင်း အထောင်းချမ်းသာရဲ့" ဟု မိမိကိုယ်မိမိ တွေးရှာလေ၏။

"အမှုဆင်တတ်လို့ အလျှောက်ကောင်းရင် အမှုနိုင်တာပဲ" ဟု မက်ဖီလစ်ပြောသွားခဲ့ဖူးသော စကားတစ်ရပ်ကို စဉ်းစားမိ၏။ ဂျိုပိုမှာ ခေါင်းစိုက်စိုက်နှင့် လျှောက်ရင်း "အမှုဆင်" ရန် အကြံထုတ်နေ၏။

ဒန်ဘွိုင်လူမွဲ ဟိုတယ်ရုံသို့ သွား၍အိပ်ရန် စဉ်းစားမိ၏။ "ဒါပေမဲ့... ဟိုတယ်ကလူတွေက မက်ဖီလစ်သတ်တဲ့အကြောင်းသိရင် ငါ့ဆီမှာ ပိုက်ဆံသံတွေကြားရင်း ငါအိပ်နေတုန်း လာသတ်ရင်ကော၊ သူတို့ တိတ်တဆိတ်ချောင်းသတ်ရင်" ၎င်း၏စိတ်မှာ ကယောင်ချောက်ချား ဖြစ်သွားပြန်၏။ မက်ဖီလစ် သရဲစီးနေသလော။

mgyoe.com

mgyoe.com


ဂျီပိုမှာ ကြက်သီးမွေးသိမ်းထနေ၏။ လက်ဖြင့် ကြက်သီးများကို လက်ခုံပေါ် နဖူး၊ ကုပ်ပေါ်က သပ်ချနေ၏။ "အလင်းရောင်ထဲမှာနေမှ လူများတဲ့ အပြင်ကွက်လပ်မှာနေမှ၊ အရေးဆို ငါ့အားစွမ်းပြနိုင်တယ်။ ချောင်းမကြည့်ဘဲ အပြင်ထွက်မှ ငါ့နှယ်" ဟု အကြံပြုမိ၏။ သူများလည် ပင်း ညှစ်ရင်းသေမည်ဟု မိမိကိုယ်ကို စိတ်ပိုင်းဖြတ်လိုက်လေသတည်း။

ဂျီပိုမှာ လမ်းလျှောက်ရာမှ မတ်တတ်ရပ်ကာ ထွေနေ၏။

"တယ်... ခေါင်းနဲ့တိုင်နဲ့တိုက်ရ၊ ခုနက ဒီစိတ်မျိုးတွေ ဘယ် ရောက်နေသလဲ ဟန်ပြီ၊ (လက်ဖျောက်တီးပြီး လက်သီးဆုပ်ကာ) ငါ ဟိုမရောက်ရင် တစ်မျိုးတစ်မည်ထင်မှာ မြို့ထဲ၊ အရပ်ထဲကလူတွေဟာ မက်ဖီလစ်သေတာ အကြောင်းသိရောပေါ့။ ငါချစ်တဲ့သူငယ်ချင်း၊ ငါနဲ့ လည်ပင်းဖက်ဖက်သေတာ၊ သေတဲ့အိမ်မရောက်ရင် ငါ မက်ဖီလစ်အမေ နဲ့တွေ့ပြီး ဝမ်းနည်းတဲ့အကြောင်းပြောဖို့ ဝတ္တရားရှိတယ်။ ငါမသွားရင် ငါ့ကို မသင်္ကာဖြစ်မှာ" အကြံကောင်းတစ်ချက် တွေးမိလေ၏။ အူမြူး လေသည်။

တစ်(တ်)လမ်းရှိ မက်ဖီလစ်မိဘအိမ်ဆီသို့ ဂျီပိုမှာ စိုက်စိုက်... စိုက်စိုက်နှင့် သုတ်ခြေတင်၍ သွားလေ၏။ ဘောင်းဘီအိတ်ထဲသို့ သွတ် သွင်းထားသော လက်နှစ်ဖက် အပြင်ထုတ်ကာ ပုလိပ်ကဲ့သို့ ညီညာစွာ ဟန်ဟန်ပန်ပန် လွှဲလျှောက်လေ၏။ ခေါင်းထောင်ကာ ရင်ဘတ်ကော့ လျှောက်သဖြင့် ၎င်းမှာ လမ်းတွင် တွေ့သမျှလူများထက်ပင် အရပ်ရှည် ခံ့ညားနေပေသတည်း။

◻

mgyoe.com

mgyoe.com

# အခန်း (၄)
# အိမ်နံပါတ် ၄၄

နွားတက်နင်းထားသော ခြတောင်ပို့ပျက်ကဲ့သို့ တစ်(တ်)လမ်းနေ လူများမှာ ဆူဆူပူပူ၊ ပွပွရှရှ ဖြစ်နေကြ၏။

လမ်းဓာတ်မီးတိုင်အောက်တိုင်း၌ လူများ ဝိုင်းဖွဲ့ကာ တီးတိုးပြော နေကြ၏။ ထိုသူများ၏ ညစ်ပတ်သော အဝတ်အစားနှင့် စိတ်ကြွနေ သော မျက်နှာပေါ်သို့ မိုးတဖွဲဖွဲ ရွာချနေ၏။ မိန်းမငယ်များမှာလည်း ကိုယ့်အတွဲနှင့်ကိုယ် လက်တွဲကာ လမ်းသလားနေကြ၏။ အိမ်နံပါတ် ၄၄ ရှေ့ရောက်လျှင် နှုတ်ခမ်းနီကလေးတွေပိတ်ကာ အံ့သြသောအမူ အရာဖြင့် စောင်းမြှောင်းကြည့်ကြကုန်၏။

အိမ်နံပါတ် ၄၄ သည် တစ်(တ်)လမ်းနေ လူများ၏ မျက်စိစားပွဲ ထိုင်ရာ၊ စုပြောစရာ အရာဝတ္ထုဖြစ်နေ၏။ အိမ်နံပါတ် ၄၄ မှာဖြစ်သော မရှုမလှ အမင်္ဂလာကိစ္စကြီးကြောင့် တစ်လမ်းလုံး ဆူပွက်နေ၏။ အိမ် နံပါတ် ၄၄ သည် တစ်(တ်)လမ်းနှင့် "ဂြိုဟ်ကောင်" ဖြစ်နေပေပြီ။ တစ်(တ်)လမ်းနှင့် ပတ်သက်သော ရပ်ကွက်တစ်ခုလုံး အိမ်တိုင်းစေ့၊ လူစေ့၊ တက်စေ့ မက်ဖီလစ် အသတ်ခံရပုံအကြောင်းကို ဆွေးနွေးပြောဆို

mgyoe.com

mgyoe.com


ကြကုန်၏။ ဆွေးနွေးတီးတိုးသံထဲမှ "သတင်းပေးသူ" ဆိုသော စကားသည် သဲသဲကွဲကွဲကြီး ထွက်ပေါ်ကျက်စားလေသတည်း။

ဂျီပိုမှာ တစ်(တ်)လမ်းထောင့် ဟိုတယ်ရုံနား ဖြတ်သွားသည်နှင့် ဟိုတယ်ထဲမှ "သတင်းပေးသူ" ဆိုသောစကားသံ ထွက်ပေါ်လာသည်ကို ကြားရလေ၏။ "ပုလိပ်ကို တစ်ယောက်ယောက် သတင်းပေးလို့သာ" ဟု မက်ဖီလစ်သတ်မှုကို အိမ်တိုင်းစေ့ ပြောဆိုနေကြကြောင်းကို ၎င်းကြားသိရလေ၏။ ဈေးချေးများပြန်လာလေ၏။ လမ်းထဲမှာ လက်တွန်းလှည်းတွန်းသွားသူ ကူလီလူပြိန်းများပင်လျှင် "သတင်းပေးသူ" ပါသောစကားများကို ပြောဆိုနေကြကြောင်းကို ၎င်းကြားနေရပြန်၏။

ဂျီပိုခေါင်းထဲ၌ အကြံအစည်အဖြေရှိမှပဟု တွေးမိလေ၏။ သို့သော်ခေါင်းကို တုတ်တိုနှင့် အနက်ခံရသူကဲ့သို့ ၎င်း၏ခေါင်းထဲမှာ ဟာလာဟင်းချည်းရှိ၏။ ၎င်း၏ဘဝမှာ လူမရှိသော အိမ်ကြီးထဲ၌ ကလေးငယ်ဟစ်အော်နေသောဘဝနှင့် တူလေသည်။ ၎င်းမှာ အိမ်နံပါတ် ၄၄ မရောက်မီ အိမ်ကြီးတစ်ခုရှေ့မှာ ရှေ့တိုးနောက်ငင်နှင့် ပြန်လှည့်ထွက်သွားချင်သောစိတ် ဖြစ်ပေါ်နေ၏။ "သွားမှ၊ ရောက်မှ ရပ်နေလို့မဖြစ်ဘူး" ဟု မိမိကိုယ်ကိုယ် အားပေးရလေသတည်း။

ဂျီပိုမှာ အိမ်နံပါတ် ၄၄ ဆီသို့ အရက်မူးသမားကဲ့သို့ တိုးသွားလေ၏။ လမ်း၌ ဓာတ်မီးတိုင်အောက် လူစုလူဝေးနှင့် စကားပြောနေပုံ၊ မိန်းမကလေးများ လမ်းသလားနေပုံ၊ လူသံသူသံများ မြင်ကြားရသော်လည်း လမ်းထဲမှာ လူများအစား မည်းမည်းရိပ်ရိပ် သတ္တဝါများရှိနေသည်။ ငါ ရန်သူနယ်မှာပါကလားဟု စိတ်ကစားနေပေ၏။

အိမ်နံပါတ် ၄၄ ရောက်ပြီး ဂျီပိုမှာ တံခါးမခေါက်ဘဲ အိမ်ရှေ့တံခါးကို တွန်းဖွင့်ကာ အိမ်ခန်းထဲ ဝင်သွားလေ၏။

အိမ်နံပါတ် ၄၄ မှာ သပ်သပ်ရပ်ရပ် ခမ်းခမ်းနားနား နှစ်ထပ်

mgyoe.com

mgyoe.com


တိုက်ခံအိမ်ဖြစ်၏။ ပိုင်ရှင် မက်ဖီလစ်ဖခင် ဂျက်မက်ဖီလစ်မှာ ကနဦးက အုတ်သယ်သမားဖြစ်သော်လည်း တစ်စတစ်စ အောက်တန်းစားမှ အလယ်အလတ်တန်းစားသို့ရောက်၍ စားနိုင်သောက်နိုင်ထဲက ဖြစ်လေသည်။ ဂျက်(မက်ဖီလစ်ဖခင်မှာ)၊ မစ္စစ်မက်ဖီလစ် (မက်ဖီလစ်မိခင်) နှင့် မေရီ(မက်ဖီလစ်နှမ)တို့နှင့်အတူ နေထိုင်၏။ သမီးလုပ်သူ အသက် ၂၁ အရွယ်ရှိ မေရီမှာ မြို့ထဲက ဝတ်လုံတိုက်တစ်ခု၌ စာရေးမလုပ်၏။

ဂျိုပို ဧည့်ခန်းမကြီးထဲ ဝင်သွားသောအခါ လမ်းထဲကလူများနှင့် အမင်္ဂလာကိစ္စ လာမေးသူဧည့်သည်များ ပြည့်ကျပ်လျက်ရှိလေသည်။ တချို့ မတ်တတ်၊ တချို့ ထိုင်လျက်သားနှင့် မက်ဖီလစ် မိခင်ကြီးနှင့် ရင်းနှီးသူများကလည်း မက်ဖီလစ်မိခင်ကြီးကို အားပေးစကား တစ်ယောက်စီ သွားပြောနေကြလေသည်။ မက်ဖီလစ်မိခင်ကြီးမှာ သစ်သားပုတီးကြီး လက်မှာရစ်ပတ်ကာ ပုတီးစိပ်မပျက်ဘဲ ပြောသမျှကို ခေါင်းညိတ်ကာ နားထောင်လေ၏။ အရှေ့က ဆောင်းတွင်းမီးဖိုကြည့်ကာ ဘုရားရှိခိုး ရွတ်နေဟန်တူ၏။

ဂျိုပိုက မက်ဖီလစ်မိခင်ကြီးကို လူကြားထဲက ဖောက်ထွင်းမြင်ရလေသည်။ ၎င်းမှာ မှင်တက်မိသူကဲ့သို့ အမယ်ကြီးကို စိုက်ကြည့်နေ၏။ "ငါ့အပေါ်မှာ သူ့သားသူငယ်ချင်းဆိုတဲ့ လာတိုင်း ကျွေးမွေးလုပ်တယ်၊ အမယ်ကြီးဟာ ငါ့အပေါ်မှာ ကောင်းရှာသား၊ ငါ့သားကလေး စောင့်ရှောက်လိုက်ပါကွယ်ဟုဆိုကာ ငါ့လက်ထဲ ငွေစတစ်သောင်း ထည့်ပေးတယ်။ ငါ့ကိုချစ်ရှာတယ်၊ ခင်ရှာတာ၊ ပိုက်ဆံမုန့်ဖိုးပေးတယ်။ သူတော်ကောင်းကြီးပဲ၊ အမေလိုပဲ" ဟု အမယ်အိုပေါ်ဝယ် သနားကြင်နာ ကျေးဇူးတင်စိတ်များ တဖွားဖွား ပေါ်လာလေ၏။

အိမ်ထဲမှာ လူစု တဖြည်းဖြည်း ကွဲသွားကြလေ၏။ မက်ဖီလစ်မိဘနှစ်ပါးနှင့် လူသုံးယောက်သာ အခန်းထဲ ကျန်ရစ်ခဲ့လေသည်။ လူသုံး

mgyoe.com

mgyoe.com


ယောက်တွင် တစ်ယောက်မှာ ဂျိုပိုဖြစ်၏။ ကျန်နှစ်ယောက်မှာ ပြတင်းပေါက်နားရပ်၍ တီးတိုးပြောနေကြလေသည်။ ထိုသူနှစ်ယောက်မှာ အိုင်ရစ်ကွန်မြူနစ်ပါတီ အစည်းအရုံးဝင်နှစ်ဦးဖြစ်ကြောင်းကို စိုက်ကြည့်နေသော ဂျိုပိုက သိရှိလေ၏။

"ဟင်း... ဘာလိနဲ့ တွမ်မီပါလား၊ အစည်းအရုံး အထောက်တော်ဌာနကကောင်တွေ၊ ဟင်း... တစ်ပွဲတစ်လမ်းတော့ စမ်းကြသေးတာပေါ့" ဟု ၎င်းက အံကြိတ်ကြုံလိုက်၏။

မက်ဖီလစ်ဖခင်မှာ ဂျိုပိုကို ကျောပေးထိုင်ကာ မက်ဖီလစ်မိခင်ကို မက်ဖီလစ် သူ့စကား မနာယူ၍ အသေဆိုးသေရပုံကို စားမြုံ့ပြန်ပြောနေ၏။ ၎င်းမှာ မက်ဖီလစ်မိခင် သူတော်ကောင်းကြီး မြင်နေရသဖြင့် အပူသည်ကို စိတ်ဖြေစကားမပြောဘဲ ပြန်မထွက်ချင်း ပြောလျှင်လည်း တစ်အိမ်လုံးကြားရအောင် အားရပါးရ ပြောချင်၏။

"ကြီးတော်... ကြီးတော်၊ ဒုက္ခကြားရတာ ကျွန်တော် သိပ်ဝမ်းနည်းပါတယ်" ဟု ဂျိုပိုက မက်ဖီလစ်မိခင်နား တိုးကပ်ကာ အော်ပြောလေ၏။ မက်ဖီလစ်မိခင်မှတစ်ပါး အခန်းထဲရှိသူများမှာ ဂျိုပို ကျယ်လောင်စွာအော်ပြောသဖြင့် လန့်ဖျပ်သွားကြကုန်၏။ မက်ဖီလစ်ဖခင်မှာ ထိုင်ရာမှထ၍ ဂျိုပိုမျက်နှာကို သေချာစွာ စိုက်ကြည့်ပြီးလျှင်...

"အို... မင်းလား..." ဟု ဆဲလေ၏။ မက်ဖီလစ်ဖခင်မှာ ဒေါသဟုန်းဟုန်းထနေ၏။ မက်ဖီလစ်မိခင်မှာ လင်လုပ်သူအော်ဆဲမှ ပုတီးစိပ်ရပ်စဲကာ ဘာတွေဖြစ်နေကြောင်း သတိထားမိလာ၏။ "ဂျက်...ဂျက်၊ သူ့ကို ဘာပြုလို့ဆဲရသလဲ၊ သူဟာ သားရဲ့သူငယ်ချင်းလေ၊ လူမှားသလား၊ ဖရင်ကီ အချစ်တော်ပဲ၊ သူ ဘာလုပ်သေးလို့လဲ" ဟု အမယ်ကြီးက အဘိုးကြီးအင်္ကျီစ ကိုင်ဆွဲရင်း မေးလာ၏။

"ဒီအကောင်လား ယောင်ခြောက်ဆယ်၊ ဖရင်ကီမိတ်ဆွေ၊ ပုလိပ်

mgyoe.com

mgyoe.com


လူထွက်၊ ပုလိပ်တောင် လိမ်နိုင်တဲ့အကောင်၊ မင်းသား သူငယ်ချင်းက လူကောင်းပဲ။ ဒီအကောင်မျိုးတွေကြောင့် ဖရင်ကီ သေချင်းဆိုးနဲ့ သေရတာ။ သတ်ပစ်မှပဲ" ဟု အဘိုးကြီးဒေါထကာ ဂျီပိုဆီ လက်ရောက်သွားလေ၏။ ပွဲကြည့်နေသူ ပြတင်းပေါက်နားက လူနှစ်ယောက်က ဝင်ဖျန်ဖြေလေ၏။ ဂျီပိုမှာ ကြက်သေသေကာ ရပ်နေ၏။ အိမ်ထဲရှိ လူများမှာ ညည့်ခန်း ဗရုန်းဗရင်းသံကြား၍ ပြေးဝင်လာကြရာ မေရီမှာ ထိပ်ကအော်ရင်း ပါလာလေ၏။

"ဘာဖြစ်တာလဲဖေဖေ၊ ဘာဖြစ်တာလဲ" မေရီမှာ သူ့ဖခင်နှင့် လူနှစ်ယောက်တို့မှာ ထွေးလားရှန်းပတ် ဖြစ်နေသည်ကို မြင်သဖြင့် လှမ်းအော်ပြောပြီးနောက် သူ့ဖခင်ကြီးဆီ ပြေးဝင်ဖက်ထားလေသတည်း။

အုတ်ဖုတ်သမားဘဝမှ လူကုံထံဖြစ်သွားသော ဂျက်မက်ဖီလစ်သမီး မေရီမှာ အဝေးကကြည့်လျှင် မိန်းမချော၊ မိန်းမလှကလေးတစ်ဦးဖြစ်၏။ နွားချေးပုံထဲတွင် ကြာပေါက်သောအစားထဲက ဖြစ်လေ၏။ မေရီမှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၏။ ပိုးချည်အိတ်စွက်ထားသော်လည်း ခြေသလုံးလှ၏။ ဝတ်လုံတိုက်က ပြန်လာသော နေဘီဘလူး အပြာရောင်ဂါဝန်ကလေးနှင့် ရွှနေအောင် ဝတ်လျက် ရှိနေသေးသည်။ မျက်နှာတွင် ပါးအို့နီသော်လည်း မေးရိုးခိုင်မာ၏။ ပါးစပ်ဝိုင်း၊ နှုတ်ခမ်းထူမှာ လူကုံထံ မြို့ကြီးသူသမီး ပါးစပ်မျိုးနှင့်အတူ အဖေမျိုးတူ၏။ လူမွဲရပ်ကွက်က မိန်းမစားမျိုးနှုတ်ခမ်းဖြစ်လေသည်။ နှုတ်ခမ်းက ဇာတိပြလေသည်။

မေရီမှာ ဖခင်ကြီးကို လက်တစ်ဖက်ကဆွဲ၍ လက်တစ်ဖက်က ခါးထောက်ထားလေသည်။ ရန်တွေ့ကောင်းရုပ် ပေါက်နေပေ၏။ အသံမှာ ပျော့ပျောင်းနူးညံ့သော်လည်း ခိုင်မာသော အတွင်းသဏ္ဍာန်မှ ကိုယ်ကို ဖုံးကွယ်ထားသောအသံမျိုး ဖြစ်၏။

mgyoe.com

mgyoe.com


"ဖေဖေကလည်း လုပ်လိုက်ရင် ဒီလိုချည့်ပဲ၊ အမြဲတမ်း ရန်ဖြစ်ချင်တာပဲ။ ဖီလစ်သေတာတဲ့၊ ဆိုလို့ဆဲလို့မပြီး၊ ခု ဖီလစ်သူငယ်ချင်းလာတော့လည်း အမျှင်တန်းလန်းနဲ့ပဲ"

မေရီမှာ ဂျက်မက်ဖီလစ်ကြီး၏ အသည်းစွဲ အချစ်တော်သမီးဖြစ်၏။ မေရီမှာ ဝတ်လုံတိုက်မှာ စာရေးမလုပ်ရ၍ လူထဲသူထဲ ပေါက်ရောက်ဖူးသည်ဆိုကာ မယားစကားထက် သမီးစကားကို အဘိုးကြီးက နာခံလေ့ရှိ၏။ သမီးလုပ်သူက "ဖေဖေ ဒါက ဒါ၊ ဟိုဟာက ဟိုဟာ" ဟု ပြောလိုက်လျှင် အဘိုးကြီးက ငြင်းပယ်ခြင်းမရှိချေ။ သားလုပ်သူ ဆိုးပေတေကာ နိုင်ငံရေးလိုက်သလောက် သမီးကလေးကို အရိပ်တကြည့်ကြည့်နှင့် အရေးပေးလေသည်။

အဘိုးကြီးက သူ့ကိုဝိုင်းဆွဲထားသောလူများကို ရုန်းဖြေကာ ကုလားထိုင်တစ်လုံး၌ ဆွဲထိုင်လေ၏။ မျက်စိမှာ ဂျီပိုကိုကြည့်လိုက် သမီးမေရီကိုကြည့်လိုက်နှင့် ဒေါသပြေပြဟန် မပြသေးချေ။ ပညာတတ် အပေါင်းဆုံ၊ ဖက်ရှင်ကျကျဝတ်သော သမီးကလေးသြဇာကို ချစ်၍ မလွန်ဆန်ဝံ့သောကြောင့် ဂျီပိုကို လက်ထိလက်ရောက် ဘာမျှမပြုလုပ်ဘဲ လွှတ်ထားခြင်းဖြစ်ပေသည်။ ဝမ်းထဲက ဒေါသမီး မငြိမ်းသေးသဖြင့် အဘိုးကြီးနဖူးမှာ ချွေးသီးချွေးပေါက်များ ပေါ်နေ၏။ အဘိုးကြီးမှာ လက်ကိုင်ပဝါထုတ်ကာ ချွေးသုတ်လေ၏။ သို့ရာတွင် ဝမ်းထဲက အူများ လိပ်ကာ တက်လာပြီးလျှင် "ငါလည်း ထရိတ်ယူနီယံတွေ၊ အလုပ်သမားအဖွဲ့တွေမှာ အမှုဆောင်နေတာပဲ၊ ဥပဒေရေးမှာဆိုရင် အားလုံးသာ ညီတူညီမျှပဲ။ ဥပဒေအတိုင်းလုပ်ပါလား။ ဘာပြုလို့ အကြမ်းဖက်ရသလဲ။ ဒီဂျီပိုလို အကောင်မျိုးကြောင့်ပဲ" ဟု ထပ်မံစဉ်းစားမိသဖြင့် ဒေါသမချုပ်တည်းနိုင်၍ ဂျီပိုကိုကြည့်ကာ...

"ငါ့လခွီး... လူမိုက် နှင်းတောတိုးလို့၊ ဂျီပိုလို အကောင်မျိုးတွေ၊

mgyoe.com

mgyoe.com


ငါလည်း ဘုံဝါဒကိုကြိုက်တာပဲ။ သွေးထွက်သံယို သွေးရူးသွေးတန်းတော့ မကြိုက်ဘူး" လက်သီးလက်မောင်းတန်းကာ သားသေခံရသည့်ဒေါကြောင့် ကရုဏာဒေါသောဖြင့်ပြောလေရာ...

"ဖေဖေကလည်း တော်ပါတော့ဆို၊ လွန်ပြီ၊ လူတွေထဲမှာဆို ရှက်စရာ၊ ကိုယ့်အပူ လူလာမေးတာကို သူက ဗြဲ့သည်၊ ဖိလစ်ဟာ ကိုယ့်သား၊ ကိုယ်ပေါင် ကိုယ်လှန်ထောင်းနေတာပဲ။ တော်ပါတော့..." ဟု မေရီက အဖေလုပ်သူကို အော်ပစ်လိုက်ပြန်၏။

မေရီမှာ စာဖတ်ဝါသနာပါ၏။ အလုပ်သမားအစည်းအဝေးများကို တက်လေ့တက်ထရှိ၏။ သို့ရာတွင် စာသမား၊ အတွေးသမားသာဖြစ်၏။ မကြာခဏ နိုင်ငံရေးသမားများ အကြမ်းဖက်မှုများကို ကြားသိရသဖြင့် အကြမ်းဖက်မှုကို မုန်းတီးရွံရှာလေသည်။ ကွန်မြူနစ်ပါတီထဲ ဝေးစွ၊ ဘာသာရေးစိတ်ထက်သန်နေသော မေရီသည် အိုင်ရစ်ကွန်မြူနစ်အရေးတော်ပုံ၏ ခေါင်းဆောင်ဖြစ်သော "ကွန်မင်းဒါး" ဗိုလ်ကြီး ဂလဂါးကို "ချုတ်" နိုင်လျှင် "ချုတ်" ရန် အခွင့်အခါစောင့်၍ စိတ်ကူးယဉ်နေပေသည်။ မေရီသည် သာမညမိန်းမစားထဲကမဟုတ်ချေ။ သို့ရာတွင် မေရီသည် "ဘမျိုးဘိုးတူ ချိုနှင့်ကားရား" ဆိုသော စကားပုံအတိုင်း နဂိုစိတ်မှာ အကြမ်းဖက်မှု မရငြားသော်လည်း လှုပ်လှုပ်ရွရွ ပြုလုပ်မှုကို ကြိုက်၏။ ဥပဒေနှင့် တစ်ဖက်တစ်လမ်း တစ်သီးပုဂ္ဂလ ပြုလုပ်မှုကို နှစ်သက်၏။ လူမွဲရပ်ကွက်စရိုက်ကို မဖျောက်ချေ။ လူမွဲများသည် ဥပဒေကို မုန်း၏။ ဥပဒေသည် ပုလိပ်နှင့် ပိုက်ဆံဝါလား လက်ထဲ၌ရှိ၏။ ဥပဒေသည် စာအုပ်ထဲ၌ရှိ၏။ သို့ကြောင့် လူမွဲနှင့်ပုလိပ်မှာ "တစောင်းစေးနှင့် မျက်ချေး" ကဲ့သို့ ပဋိပက္ခဖြစ်လေ့ရှိကြ၏။ ပုလိပ်ကလည်း အလဟဿ အာဏာပြချင်၏။ လူမွဲကလည်း ငတ်မွတ်နေ၍ အထိမခံနိုင်ချေ။ လူမွဲနှင့်ပုလိပ်တို့ ပဋိပက္ခရန်ဖြစ်မှုမှ အမျိုးသားရေးများ အိုင်ယာလန်မှာ ပေါ်

mgyoe.com

mgyoe.com


ပေါက်သွားလေသည်။ မေရီသည် လူမွဲဇာတိ ပုလိပ်ကိုမုန်း၏။ အစ်ကိုကို ပုလိပ်သတ်သဖြင့် သာလွန်မုန်းသွား၏။ ဖခင်လုပ်သူက အစ်ကိုကို ကဲ့ရဲ့သောအခါ သိပ်မုန်းသွားလေသည်။

"ဘာပဲဖြစ်ဖြစ်လေ မေရီတော့ ဖရင်ကီအစ်ကိုလုပ်တာကို ထောက်ခံတယ်။ နိုင်ငံရေးသဘောချင်း မတိုက်ဆိုင်ပေမဲ့ လူတစ်ကိုယ်မှာ ထင်တစ်လုံးစီ၊ သူမှန်တယ်ဆိုတာ သူလုပ်တယ်၊ ကိုယ်မှန်တယ်ဆိုတာ ကိုယ်လုပ်၊ သေသွားတဲ့လူမို့ ကျွန်မက ထောက်ခံတယ်" ဟု မေရီမှာ စကားများရင်းပြောရင်းနှင့် အဓိပ္ပာယ်အယူအဆ ရှုပ်ထွေးသွားလေ၏။ အကြမ်းမှုကို မလိုလားသော်လည်း မက်ဖီလစ် လွတ်လပ်စွာပြုလုပ်မှုကို ထောက်ခံနေပေ၏။ "ဘာပဲဖြစ်ဖြစ် ဖီလစ်ဟာ ကျွန်မအစ်ကို၊ အစ်ကို့ကို ထောက်ခံတယ်" ဟု မေရီက ဖခင်ကြီး မျက်မှောင်ကြုတ်ထားသည်ကို ပမာဏမပြုဘဲနှင့် ထပ်လောင်း၍ အော်ပြောလေ၏။ အခန်းထဲရှိသော ဧည့်သည်လူမွဲတချို့က မေရီကို ထောက်ခံသည့်အလား ပွစိပွစိနှင့် တီးတိုးပြောနေကြလေသည်။ ဂျီပိုမှာ မေရီကို စိုက်ကြည့်နေလေ၏။ သားအဖနှစ်ယောက်၏ တော်လှန်မှုဝါဒ ဆွေးနွေးပွဲသဘင်ကြောင့် ဂျီပိုမှာ ကြားချောင်သွားလေ၏။

မေရီက ဂျီပိုဆီလှည့်ကာ...

"ရှင်ဟာ... ဖီလစ်သူငယ်ချင်းဆိုရင် လာမေးတာစမ်းတာ ဝမ်းသာပါတယ်။ ကျွန်မ ရှင်နဲ့ နည်းနည်း စကားတစ်ခွန်းနှစ်ခွန်းလောက် ပြောချင်တယ်" ခေါ်ခေါ်ငင်ငင်နှင့် ပျူပျူငှာငှာ လောကွတ်ပြုလိုက်ရာ ဂျီပိုမှာ ဝါဒချင်း စိတ်ချင်းမတူသော အဖေနှင့်သမီးကို တစ်ယောက်တစ်ပြန်ကြည့်၍ ရှေ့တိုးရကောင်း၊ လှည့်ထွက်ရကောင်းမည်ဟူ၍ စိတ်အလုပ်များနေလေ၏။

ဂျီပိုက အင်းမလုပ်၊ အဲမလုပ်သဖြင့် မေရီက ထပ်လောင်းကာ...

mgyoe.com

mgyoe.com


"ဖီလစ်၊ ဒီလို ခု သူ သေချင်းဆိုးနဲ့သေမယ့်အခေါက်လာတုန်းက သူက ရှင်နဲ့ ဒန်ဘွိုင်လူမွဲရုံမှာ ဒီအိမ်မလာခင် တွေ့ခဲ့တဲ့အကြောင်းကို ပြောပြသွားပါတယ်။ အိမ်မလာခင် မြို့ထဲမှာဆိုရင် ရှင်တစ်ယောက်နဲ့သာ သူတွေ့သွားတယ်။ အဲဒီတော့ ရှင်က... ရှင်က... ဖြစ်ရင်" ဟု နေရာ ရောက်သောအခါ မေရီမှာ ရှေ့ဆက်၍ ဘာပြောရမှန်းမသိသဖြင့် ရပ်တန့်၍သွားလေ၏။ ဂျိပိုမှာ မေရီပြောစကားများကို ကြားရသဖြင့် ထိတ်ခနဲ ဝမ်းနည်းသွားလေသည်။ သို့ရာတွင် တစ်စုံတစ်ခု အတွင်းစိတ်လှုံ့ဆော်သဖြင့် ဂျိပိုက မေရီထံ တဖြည်းဖြည်း တိုးကပ်လျှောက်သွားကာ "ကောင်းပြီ" ဟု တစ်ခွန်းတည်းကို တစ်ခန်းလုံးကြားလောက်အောင် အော်ဟစ်ပြောလေသတည်း။

ဂျိပိုက နဖူးကချွေး သုတ်ရန်အတွက် အိတ်ထဲက လက်ကိုင်ပဝါ ဆွဲထုတ်လိုက်ရာ လက်ကိုင်ပဝါနှင့်အတူ ငွေစအကြွေ လေးပြားပါလာပြီး လျှင် ဂျလင်... ဂျလောင်နှင့် ကြမ်းပေါ်သို့ ထွေပစ်ရာတွင် ထွေလိမ့်သွားသကဲ့သို့ လိမ့်ကျသွားလေ၏။

ဂျိပိုမှာ သူ့အိတ်ထဲက ငွေစလေးပြား ကြမ်းပေါ်ကျသွားသံ ကြားရသဖြင့် သရဲတစ္ဆေ ဖြုန်းခနဲမြင်မိသော မီးနေသည် သွေးနုနုသားနုနုကဲ့သို့ ကြောက်အားပိုကာ ကြက်သေသေသွားလေ၏။ ဂျိပိုက တစ်ကိုယ်လုံးရှိ အကြောအခြင်များ တင်းမာသွားလေ၏။ ခေါင်းမှာ မတ်စွာ ထောင်နေ၏။ ပါးရိုးမှာ သံတိုင်ကဲ့သို့ မာကျောသွားလေ၏။ မျက်လုံးကမူ ရန်သူ့လက်နက်ကို ခုခံခုတ်မည့် ဓားသမားမျက်လုံးကဲ့သို့ အရောင်ထွက်ကာ ဝိုင်းနေ၏။ ငါ့အိတ်ထဲက ငွေစတွေကျသွားပြီ၊ ငါလို ကြမ်းပိုးတေလေ အိတ်ထဲကငွေစတွေ ကျကျသွားတာမြင်လို့ ငါပဲ မက်ဖီလစ် သတင်းပေးတဲ့လူထင်ပြီး ငါ့ကို မယုံပြီး သတ်ပစ်မှာလား။ ဂျိပိုမှာ သူကိုယ်သူ မယုံမကြည်ဖြစ်နေ၏။ ကြက်သေ သေရာမှ "လူ" ပရိသတ် အရိပ်အကဲ

mgyoe.com